ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၂၈ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 19 September 2023 ၁၁၂၃

ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း

ဤလောကခွဲ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏။ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်(ဓမ္မပဒ-၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပွင့်ဖြူမြို့နယ်၌ မိုးစပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ပွင့်ဖြူ စက်တင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးစပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကာ သတ်မှတ်လျာထားဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီးရေးအတွက် ဒေသခံတောင်သူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၆၉၉၄၃ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ ဒေသခံတောင်သူများက သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးပြီးစီးစေရေး မဲဇလီရေလွှဲဆည်ရေဖြင့် ဇူလိုင်လဆန်းကစပြီး မိမိတို့၏ လယ်ယာမြေများကို ကျွဲ၊ နွားများ အသုံးပြု၍ စိုက်ပျိုးမှုများရှိသလို အချို့တောင်သူများက လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုကာ ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ ထိုသို့ ဒေသခံတောင်သူများ မိုးစပါးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ပြခန်း ၈၀ ဆက်လက်ပြသ

စာမျက်နှာ » ၉

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းမည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်မည့် နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း(SOP) ရေးဆွဲပြုစုရေး အစည်းအဝေး ကျင်းပ

စာမျက်နှာ » ၁၀

“မိုခါ” မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၄) (ရခိုင်ပြည်နယ်အစိုးရအဖွဲ့)

ဆောင်းပါး

စာမျက်နှာ » ၁၆

လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဧလ

မြန်မာပြည်မြောက်ဖျားရှိ သဘာဝအဖိုးတန် ဆေးဖက်ဝင် အပင်များမှ ထုတ်လုပ်သည့် တိုင်းရင်းဆေးဝါး ထုတ်ကုန်များ

ဆောင်းပါး

စာမျက်နှာ » ၁၁

ကြားမှု

မုတ်သုံရာသီအပြောင်းအလဲအတွက်ပြင်ဆင်

၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းမှ စတင်ဆုတ်ခွာသွားပြီဖြစ်သည်။ ထို့အပြင် အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာလ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ စတင်ဆုတ်ခွာသွားနိုင်ပြီး စက်တင်ဘာလ ၂၆ ရက်နေ့မှ အောက်တိုဘာလ ၁ ရက်နေ့တွင် မြစ်ဝကျွန်းပေါ်ဒေသများမှဆုတ်ခွာသွားကာ ထိုအချိန်မှစ၍ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမှ ဆုတ်ခွာသွားနိုင်ကြောင်း မိုးလေဝသနှင့်ဧလဗေဒမှ အသိပေးထုတ်ပြန်ထားသည်။

ရာသီအလိုက်ပြောင်းလဲတိုက်ခတ်နေသောလေကို မုတ်သုံလေဟုခေါ်သည်။ မုတ်သုံလေသည် ကုန်းမြေနှင့် ပင်လယ်သမုဒ္ဒရာတို့ရှိ အပူချိန်မတူညီမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် လေကြောင်းပြောင်းလဲမှုဖြစ်စဉ်တစ်ခုဖြစ်သည်ဟု မိုးလေဝသပညာရှင်များက သတ်မှတ်ကြသည်။ မုတ်သုံဝင်လျှင် မိုးရွာသွန်းပြီး မုတ်သုံထွက်လျှင် မိုးကုန်ပြီဟု ပြည်သူများက သိရှိထားကြသည်။ ယခု အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသွားပြီဆိုသော်လည်း အပိုင်းလိုက်ဆုတ်ခွာသွားခြင်းဖြစ်၍ အောက်တိုဘာလဆန်းအထိ မြန်မာနိုင်ငံအောက်ဘက်သို့ ရွှေ့ဆင်း၍ မိုးရွာသွန်းနေဦးမည်ဖြစ်သည်။

မုတ်သုံလေသည် စိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးများသည့် လေစီးကြောင်းဖြစ်သည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၌ မုတ်သုံလေဝင်ရောက်မှုနောက်ကျခြင်း၊ စောစီးစွာထွက်ခွာခြင်းကြောင့် မုတ်သုံရာသီတိုတောင်းလာသည်ဟု ဆိုရမည်ဖြစ်သည်။ ပုံမှန်ဖြစ်စဉ်တွင် မုတ်သုံသည် မေလ ၁၅ ရက်နေ့တွင် စတင်ဝင်ရောက်ပြီး အောက်တိုဘာလ ၁၀ ရက်နေ့ရောက်မှသာ ထွက်ခွာလေ့ရှိသည်။ ထို့ကြောင့် "သီတင်းကျွတ်မိုး ရွာသွန်းဖြိုး"ဟု ဆိုကြသည်။ ယခုအခါ မေလကုန်တွင် စတင်ဝင်ရောက်ပြီး စက်တင်ဘာလ ၁၇ ရက်နေ့တွင် စတင်ဆုတ်ခွာကာ အောက်တိုဘာလ ၁ ရက်နေ့တွင် ပြီးဆုံးမည်ဖြစ်၍ မုတ်သုံတိုလာသည်ကို တွေ့နိုင်သည်။

ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးဆိုးရွားရွား ခံစားနေကြရသည်။ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အအေးလှိုင်းဖြတ်ခြင်း၊ အပူလှိုင်းဖြတ်ခြင်းစသည်တို့ကို ကြုံတွေ့နေကြရသည်။ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်မုတ်သုံရာသီတွင် ပုံမှန်မိုးရွာသွန်းမှုရက် ၄၀ ခန့် လျော့နည်းသွားသော်လည်း မိုးရေချိန်လက်မပြည့်အောင်ရရှိခဲ့သည်။ အခြားနိုင်ငံများတွင် ရေကြီးရေလွှမ်းမှုကို ဆိုးဆိုးရွားရွားကြုံတွေ့ရသော်လည်း မြန်မာနိုင်ငံတွင် ယခုနှစ်မိုးရာသီ၌ ရေကြီးရေလွှမ်းမှု ဆိုးဆိုးရွားရွားမဖြစ်ခဲ့ပေ။ စိုက်ပျိုးရေ၊ သောက်သုံးရေ လုံလောက်စွာရရှိသဖြင့် မုတ်သုံလွန်ကာလတွင် စိုက်ပျိုးရေး၊ ရေဖူလုံရေးကို ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မုတ်သုံလွန်ကာလများတွင် ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်းများမှတစ်ဆင့် မုန်တိုင်းဖြစ်ပေါ်မှုများကိုလည်း သတိပြုရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် ကျေးဇူးရှင်တောင်သူလယ်သမားများအတွက် အကျိုးသက်ရောက်မှုများဖြစ်စေသည်။ မုတ်သုံရာသီအပြောင်းအလဲအပေါ်မူတည်၍ မိုးသီးနှံစိုက်ပျိုးမှုများကို အဆုံးသတ်ကာ ဆောင်းသီးနှံစိုက်ပျိုးရေးကို စတင်ပြင်ဆင်ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မုတ်သုံရာသီကောင်းမွန်သည်ဟုဆိုသော်လည်း အချို့ဒေသများတွင် မိုးနည်းနေသည်ကိုလည်းတွေ့ရသည်။ ပုံမှန်မဟုတ်သည့် မိုးများခြင်း၊ မိုးနည်းခြင်း၊ ပူခြင်း၊ အေးခြင်းတို့သည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပြောင်းလဲဖြစ်ပေါ်နေသော ရာသီဥတုဖြစ်စဉ်ကို စဉ်ဆက်မပြတ်လေ့လာပြီး ရာသီဥတုနှင့်ကိုက်ညီဆီလျော်မည့် သီးနှံပင်များကို ရွေးချယ်စိုက်ပျိုးကြရန်လိုအပ်ပေသည်။ ယခုအခါ အယ်လနီညိုဖြစ်စဉ်နှင့်ကြုံတွေ့နေရမည်ဖြစ်၍ မုတ်သုံလွန်ကာလတွင် ရေပြတ်လပ်မှုမရှိအောင် ပြင်ဆင်ထားရမည်ဖြစ်သည်။ စိုက်ခင်းအနီးတွင် တစ်ဖက်ပိတ်ဆည်ငယ်၊ ကန်ငယ်များကို ပလတ်စတစ်အခင်းခင်း၍ ရေကိုသိုလှောင်ကာ ရာသီတိုသီးနှံများစိုက်ပျိုးသင့်သည်။ အနိမ့်အမြင့် မညီညာသောနေရာများတွင် ကွန်တိုပြုလုပ်၍လည်းကောင်း၊ ထယ်ကြောင်းလိုင်းဖော်၍လည်းကောင်း ရေအသုံးချမှုပြုလုပ်သင့်သည်။ သီးနှံကြွင်းများကို မြေဆွေးပြုလုပ်၍ စိုက်ခင်းတွင်ထည့်ပြီး အာဟာရနှင့် အစိုဓာတ်ကို ထိန်းနိုင်သည်။ ရေလိုအပ်မှုနည်းသော ပဲကဲ့သို့ သီးနှံများကိုစိုက်ပျိုးခြင်း၊ ဝါသီးနှံကို ပေါင်ငယ်ဖြင့် စိုက်ပျိုးခြင်းတို့ဖြင့် အကျိုးများအောင် ပြုလုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ပုံမှန်ရာသီဥတုများ မရှိတော့သဖြင့် စိုက်ပျိုးသူတောင်သူများအနေဖြင့် မိုးလေဝသဖြစ်စဉ်များကို အစဉ်သတိပြု၍ နည်းပညာ၊ မျိုး၊ မြေ၊ ရေ၊ စိုက်ပျိုးစရိတ် ဖြည့်ဆည်းပေးမှုများကိုရယူပြီး မုတ်သုံအလွန်ကာလတွင် ရာသီဥတုနှင့်ကိုက်ညီမည့်သီးနှံပင်များကို စနစ်တကျစိုက်ပျိုးကြခြင်းဖြင့် အထွက်တိုးအောင် ကြိုးပမ်းဆောင်ရွက်နိုင်ကြစေရန် အသိပေးအပ်ပါကြောင်း။ ။

တရားမအထူးအယူခံမှု ၁၀ မှု စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှု ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၁၈

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၃၇/၂၀၂၂ (ရန်ကုန်)၊ ၃၈/၂၀၂၂ (ရန်ကုန်)၊ ၃၉/၂၀၂၂ (ရန်ကုန်)၊ ၅၇/၂၀၂၂ (ရှမ်း)၊ ၅၈/၂၀၂၂ (ရှမ်း)၊ ၄/၂၀၂၃ (ရှမ်း)၊ ၄/၂၀၂၃ (ရှမ်း)၊ ၄၀/၂၀၂၂ (စစ်ကိုင်း)၊ ၃/၂၀၂၃ (ရှမ်း)၊ ၄/၂၀၂၃ (ရှမ်း)၊ ၁၀၃/၂၀၁၉ (မန္တလေး)၊ ၂၀/၂၀၂၁ (ကချင်)နှင့် ၄၆/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု ၁၀မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၃၂/၂၀၂၂ (ရခိုင်)၊ ၄၅/၂၀၂၂ (ရခိုင်)၊ ၆/၂၀၂၃ (ပဲခူး)၊ ၁၂/၂၀၂၃ (မန္တလေး) နှင့် ၁၄/၂၀၂၃ (မကွေး) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဇေယျသုခဝါဆိုကျောင်း၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံစံတူဆင်းတုတော်အား ဆက်ကပ်

မိုးညှင်း စက်တင်ဘာ ၁၈

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ ဇေယျသုခဝါဆိုကျောင်း၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံစံတူဆင်းတုတော်ကို ယနေ့ မွန်းလွဲ ၁နာရီတွင် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် (ဒုတိယဝါဆိုလပြည့်နေ့) သြဂုတ် ၁ ရက်တွင် ပြည်တွင်းနှင့်ပြည်ပ ဗုဒ္ဓဘာသာ ကိုးနိုင်ငံမှ ဆရာတော်၊ သံဃာတော် အပါး ၉၀၀ ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ ကျင်းပရာ မိုးညှင်းမြို့ ဇေယျသုခ ဝါဆိုကျောင်းတိုက်၏ ပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဓမ္မဒါနအဖြစ် ပေးပို့လှူဒါန်းသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံစံတူဆင်းတုတော်နှင့် အလှူငွေများကို မြို့နယ်သာသနာရေးဦးစီးဌာနမှ မြို့နယ်သာသနာရေးမှူးဦးအောင်သူဖြိုးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ရွှေမိုးညှင်း

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နမ့်ခမ်းမြို့ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

နမ့်ခမ်း စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်တွင် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်မှုဖြင့် ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ ရဲတပ်ဖွဲ့ဝင်နှင့် မိသားစုပေါင်း ၁၀ ဦး သွေးလှူဒါန်းနေမှုကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇင်ဦးက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၈ - ၉ -၂၀၂၃

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၉၀၀	၈,၉၀၀	၀	၀
MTSH	၃,၀၅၀	၃,၀၅၀	၆၄၅	၁,၉၆၇,၅၀၀
MCB	၇,၅၀၀	၇,၅၀၀	၀	၀
FPB	၁,၇၀၀	၁,၇၀၀	၁၉,၀၃၄	၃၂,၃၅၇,၃၀၀
TMH	၂,၃၅၀	၂,၃၅၀	၀	၀
EFR	၂,၂၀၀	၂,၂၀၀	၈	၁၇,၆၀၀
AMATA	၄,၉၀၀	၄,၉၀၀	၂	၉,၈၀၀
MAEX	၁,၇၅၀	၁,၈၀၀	၅၀၃	၈၈၀,၄၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြားမှု

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အကြီးတန်း သတင်းထောက်များ**	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	**အငယ်တန်း သတင်းထောက်များ**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	**စာပြင်**	- ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- ဦးခိုင်ဝင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံ - ၀၁-၈၆၁၀၆၈၅ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ တိုင်းခမ်းတီစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်

ပူတာအို စက်တင်ဘာ ၁၈

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူသည် ကချင်ပြည်နယ် ဝန်ကြီးချုပ်ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက ပူတာအိုမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည့် တိုင်းခမ်းတီစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲသို့ တက်ရောက်အားပေးသည်။

အဆိုပါ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်အဖြစ် မန်စေကျေးရွာ ဘောလုံးအသင်းနှင့် ပန်းလှိုင်ရပ်ကွက် ဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပန်းလှိုင်ရပ်ကွက် ဘောလုံးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဘောလုံးပွဲတွင် ရိုးရာအကဖြင့် ကပြ ဖျော်ဖြေခဲ့ကြသည့် တိုင်းခမ်းတီ လူငယ်အကအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၏နီးနှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီး၏နီးတို့က နှစ်သိမ့်ဆုရ ဘောလုံးအသင်းများနှင့် တတိယဆုရ ဘောလုံးအသင်းတို့ကို လည်းကောင်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဒုတိယဆုရ ဘောလုံးအသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ပူတာအို အခြေချစစ်ဗျူဟာမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့မိမြို့ဖနှင့် တိုင်းခမ်းတီစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌတို့က ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆု၊ နေရာအလိုက် အကောင်းဆုံး ကစားသမားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရဘောလုံးအသင်းအတွက် တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ပထမဆုရအသင်းအတွက် တံခွန်စိုက်ဆုဖလားကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရှမ်းပြည်နယ် စဉ်ဆက်ပညာရေးလုပ်ငန်းနှင့် စာတတ်မြောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးဆိုင်ရာ တွေ့ဆုံပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၂၃ ခုနှစ် ရှမ်းပြည်နယ် စဉ်ဆက်ပညာရေးလုပ်ငန်းနှင့် စာတတ်မြောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးဆိုင်ရာ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ မိတ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ အဆင့်မြင့်ပညာ၊ အခြေခံပညာနှင့် ဆရာအတတ်ပညာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက စာမတတ်သူများကို (၀ ထ က လ သ)မှ အစပြု၍ စာတတ်မြောက်အောင် သင်ကြားပေးသွားရန်နှင့် ၎င်းမှ တစ်ဆင့် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်မှ စဉ်ဆက်ပညာရေးလုပ်ငန်း သင်ကြားပေးသွားနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ တတိယပတ်မှစတင်၍ ရပ်ရွာနေပြည်သူများအတွက် စာတတ်မြောက်ရေးလုပ်ငန်း သင်ကြားခြင်းကို တောင်ကြီး၊ ကလောနှင့် ဟိုပုံးမြို့နယ်များတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါမြို့နယ်သုံးခုတွင် ဒီဇင်ဘာလမှစ၍ စာဖတ်ရှိန် မြှင့်တင်ရေးနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းမြို့နယ်သုံးခုတွင် စဉ်ဆက်ပညာရေးလုပ်ငန်းများ အစီအစဉ်တကျ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် သက်ဆိုင်သူ အားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

စနစ်တကျဆောင်ရွက်

အသက်အုပ်စုအားဖြင့် အသက်(၁၅)နှစ်နှင့် အထက် လူငယ်များ၊ အရွယ်ရောက်ပြီးသူများနှင့် သက်ကြီးပိုင်းအရွယ်ရှိသူများကို ဦးတည်သင်ကြားပေးခဲ့သည့် စာတတ်မြောက်ရေးလုပ်ငန်းသည် သတ်မှတ်သင်ကြားရေးကာလ ပြီးဆုံးသွားပြီဖြစ်၍ အဆိုပါမြို့နယ်သုံးခုတွင် စဉ်ဆက်ပညာရေး အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းကော်မတီများ အဆင့်ဆင့်ဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်ကြစေလိုကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်သုံးခုတွင် စဉ်ဆက်ပညာရေး ဆောင်ရွက်မည့် ကာလနှင့် အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းဖြတ်နှင့် မိုင်းယောင်း မြို့နယ်လေးခုတို့တွင်လည်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရှမ်းပြည်နယ်၏ စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ စဉ်ဆက်ပညာရေးလုပ်ငန်း၊ စာတတ်မြောက်ရေးလုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းက တောင်ကြီးတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒုတိယပညာသင်ကာလ စာမေးပွဲနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမပညာသင်ကာလ စာမေးပွဲကျင်းပ၍ တက္ကသိုလ်ကျောင်းသားကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံစာတတ်မြောက်ရေး ဆောင်ရွက်ပြီးခဲ့သော ကလောမြို့နယ် အင်းပြင် အခြေခံပညာ အလယ်တန်းကျောင်းရှိ မြင်းကရွာ စာသင်ဝိုင်း၌ ဆရာ ဆရာမများက စာဖတ်စွမ်းရည် ပိုမိုတိုးတက်လာစေရေးအတွက် ဆောင်ရွက်ပေးနေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ ရှေ့ဖုံးမှ

အခြားမိုးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် ဒေသခံတောင်သူများ၏ စိုက်ပျိုးလယ်ယာမြေများအရောက် စနစ်တကျ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၈က စိုက်ပျိုးပြီးစီး

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားရေးနှင့် ဆန်စပါး စားရေရိက္ခာဖူလုံပိုလျှံစေရေးအတွက် တစ်မြို့နယ်လုံး မိုးစပါးသီးနှံ၈က ဖဇုဇ၄၃ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမှာဖြစ်ပြီး ယနေ့အထိ မိုးစပါးစိုက်ဧက ဖ၆၃၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သီးနှံအထွက်နှုန်း တိုးတက်စေဖို့အတွက် ဝန်ထမ်းများက သက်ဆိုင်ရာနယ်မြေအလိုက် တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ပြီးတော့ မျိုးကောင်းမျိုးသန့်၊ ရွေးချယ်စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်နဲ့ သွင်းအားစုပစ္စည်းသုံးစွဲနည်းစနစ်တွေ မှန်ကန်စွာ အသုံးချ ဆောင်ရွက်နိုင်ဖို့အတွက် တောင်သူအသိပညာပေးလုပ်ငန်းတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးထားပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောကြားသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် မိုးစပါး၊ ဖူးစားပြောင်း၊ နှံစားပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါ၊ ပဲမျိုးစုံနှင့် အခြားစားဖိုဆောင်သီးနှံများကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ်အတွင်း သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV)ထိုးနှံခြင်း ပြည်နယ်အဆင့်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၈

ကယားပြည်နယ် အတွင်း အသက် ၉ နှစ်ပြည့်ပြီး ၁၂ နှစ် မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံခြင်း ပြည်နယ်အဆင့်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေး (HPV)ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ စတင်၍ အသက် ၉ နှစ်နှင့် ၁၀ နှစ်ပြည့်ပြီးသော မိန်းကလေးများကို ထိုးနှံပေးခဲ့ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ကျောင်းအခြေပြုထိုးနှံခြင်းနှင့် အောက်တိုဘာလတွင် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်များဖြင့် ထိုးနှံပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်းရှိ ကျောင်းသူများ၊ကျောင်းပြင်ပ မိန်းကလေးငယ်များအားလုံး သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံနိုင်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များက ဒေသခံပြည်သူများနှင့် အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV)ထိုးနှံခြင်း အထိမ်းအမှတ် Video Clip ကိုပြသပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကျောင်းကျန်းမာရေး အသိပညာပေးဆိုင်ရာ ပြခန်းများ၊ ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကာကွယ်ဆေး ထိုးနှံပြီးသော ကျောင်းသူများအား လက်ဆောင် ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့တွင်း လမ်းအပိုင်းများ အဆင့်မြှင့် ကတ္တရာကွန်ကရစ်လမ်း ခင်းကျင်းနေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး ပြည်နယ်လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အတွင်းရှိ အဆင့်မြှင့် ကတ္တရာ ကွန်ကရစ်လမ်း ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း လမ်းတံတားများ တိုးချဲ့ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်မြို့တော် သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ဒုတိယမြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်း သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ သာကေတမြို့နယ်အတွင်း ဂ/အရှေ့ ရပ်ကွက်အတွင်း ရှုခင်းသာလမ်း ဧရာဝဏ်အဝိုင်း အနီးရှိ အထူးကုဆေးရုံကြီးဝင်း အတွင်း/အပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေမှု၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်အရှေ့ပိုင်းခရိုင်ပြည်သူ့ဆေးရုံကြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါနေရာများသို့သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ဒုတိယမြို့တော်ဝန်က ဆေးရုံအတွင်း ရေဝပ်မှု မရှိစေရေး ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူ ရှင်းလင်းရန်၊ ပျက်စီးနေသည့် လူသွားစင်္ကြံများ ပြန်လည်ပြုပြင်ရန်နှင့် နံရံများရှိ တွယ်ကပ်သစ်ပင်များရှင်းလင်းရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ဖွင့်ပွဲ ကျင်းပ

တောင်ကြီး စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျင်းပသည့် အသက် ၉ နှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သော မိန်းကလေးများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV) ထိုးနှံခြင်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ကျော်က ရှမ်းပြည်နယ်တွင် ဆောင်ရွက်မည့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)ထိုးနှံခြင်းအထိမ်းအမှတ် Video Clip ပြသ၍ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက အသက် ၉ နှစ်ပြည့်ပြီး ၁၂ နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV)ထိုးနှံပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေး၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရှေ သံတွဲခရိုင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု၊ ဂွမ်မြို့နယ်မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

စစ်တွေ စက်တင်ဘာ ၁၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘာရှေသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းက သံတွဲခရိုင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုပြီး ဂွမ်မြို့နယ်မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်အဖွဲ့ဝင်နှင့် အဖွဲ့သည် သံတွဲမြို့အခြေခံပညာအထက်တန်းကျောင်း(မြို့မ)သို့ သွားရောက်ပြီး ကျောင်းအတွင်း ကျန်းမာရေး ဦးစီးဌာနမှ ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံနေမှုကို ကြည့်ရှုအားပေးပြီး သင်ထောက်ကူပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကျိန္တလီမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုကြကာ ဆေးကုသမှု ခံယူနေကြသူများအား တွေ့ဆုံအားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဂွမ်မြို့နယ် ရဟိုင်ကွင်းကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဖော်ဆောင်ခြင်း မိုးစပါးမျိုးစေ့ထုတ်နှင့် အထွက်နှုန်းတိုးတက်ရေး စိုက်ကွင်း စိုက်ပျိုးအောင်မြင်နေမှုကိုလည်းကောင်း၊ ဂွချောင်းတံတား ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း သွားရောက်ကြည့်ရှုကြသည်။

တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ဂွမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တိုင်းပြည်တစ်ပြည်တိုးတက်ရန် အခြေခံမှာ ပညာတတ်များ ပေါကြွယ်ဝခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေ လိုအပ်နေသည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမြေ အားလုံးကိုလည်း အပြည့်အဝအသုံးချရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်သီးစားစိုက်ပျိုးရုံမကဘဲ သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွင်းအားစုများ ပံ့ပိုးပေးနိုင်ရေး၊ စျေးကွက်ဖော်ဆောင်ရေး တို့ကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးရမည်ဖြစ်ပြီး ဒေသထွက် ကုန်ကြမ်းများကို အခြေခံကာ ပြည်တွင်းလိုအပ်သည့် အခြေခံစားကုန်၊ သောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို အလုံအလောက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် တက်ရောက်လာကြသော မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက မြို့နယ်၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်း အမှတ်စဉ်(၉၃) သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၈

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်)တွင် စာရေးဝန်ထမ်း ကြီးကြပ်သင်တန်း အမှတ်စဉ်(၉၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရတနာသိဃ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စာရေးဝန်ထမ်း ကြီးကြပ်သင်တန်း အမှတ်စဉ်(၉၃) သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၄၁ ဦး၊ သင်တန်းသူ ၉၅ ဦး စုစုပေါင်း ၁၃၆ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ စက်တင်ဘာ ၁၈ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ တက်ရောက်ရမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသုခ ဦးဆောင်မှုဖြင့် အမှတ်(၅၈) မူးယစ်တပ်ဖွဲ့စု၊ မိုးမိတ်မှ ခေတ္တတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ခင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များက ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးတွင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စွန့်ပစ်အမှိုက်များ ကောက်ယူစွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြစဉ်။

ခရိုင်(ပြန်/ဆက်)

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မင်းဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

အောင်မြင့်(ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော် ဝမ်ဆိုင်းဒေသရှိ သက်တန်းရင့် လက်ဖက်ပင်များအား ကွင်းဆင်းကြည့်ရှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်နှင့်အဖွဲ့ တာချီလိတ် ရွှေတိဂုံ စေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။

ကျိုင်းတုံ စက်တင်ဘာ ၁၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်တို့သည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နောင်တုံကန်နှင့် ကျိုင်းတုံဟော်နန်း တည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် ကျိုင်းတုံ ဗုဒ္ဓဥယျာဉ်တော်သို့ ရောက်ရှိပြီး သတ္တသတ္တာဟ မဟာဗောဓိစေတီတော်နှင့် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် တာချီလိတ်မြို့နဂါးနှစ်ကောင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော် ဩဝါဒါစရိယ အဘိဓေမဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာမဂ်ီလမ္ဘီ ဇောတိကဓေ ဘဒ္ဒန္တမေဓာဝီရိအား သွားရောက် ဖူးမြော်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို မေးမြန်းလျှောက်ထား၍ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် တာချီလိတ် ရွှေတိဂုံ စေတီတော်အား သွားရောက် ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်နှင့်အဖွဲ့ ကျိုင်းတုံမြို့နယ် ဝမ်ဆိုင်းဒေသရှိ သက်တမ်းရင့် လက်ဖက်ပင်များ စီးပွားဖြစ် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ကြည့်ရှုအားပေး

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ကျိုင်းတုံမြို့နယ် ဝမ်ဆိုင်းဒေသသို့ သွားရောက်၍ သက်တမ်းရင့် လက်ဖက်ပင်များ စီးပွားဖြစ် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးကြပြီး ဝမ်ဆိုင်းဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

■

ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့် ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် စာရင်းကောက်သင်တန်းဖွင့်ပွဲတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၂၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် စာရင်းကောက်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား သင်တန်းကျောင်း၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက စမ်းသပ်သန်းခေါင်စာရင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အားလုံးရှိ မြို့နယ် ၂၀ တွင် ရွေးချယ်သတ်မှတ်ထားသည့် ကောက်ကွက်များ၌ ကောက်ယူသွားမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် စမ်းသပ်သန်းခေါင်စာရင်း၌ မေးမြန်းကောက်ယူမည့် မေးခွန်းများကို စာတွေ့၊ လက်တွေ့ ဆွေးနွေးပို့ချပေးသွားမည်ဖြစ်သည့်အပြင် နမူနာကောက်ကွက် ရွေးချယ်ခြင်းနှင့် စာရင်းကောက်ကွက်မြေပုံများအကြောင်း သိကောင်းစာရာများကို ဆွေးနွေးပို့ချသွားမည်ဖြစ်ပါကြောင်း။

စမ်းသပ်သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် သင်တန်းသား သင်တန်းသူများအနေဖြင့် မေးခွန်းပုံစံပါ အကြောင်းအရာများကို သိရှိနားလည်ရန် လိုအပ်သကဲ့သို့ Mobile Tablet ဖြင့် CAPI နည်းပညာ အသုံးပြုမှုကိုလည်း လုပ်ဆောင်နိုင်ရန် လေ့လာကြိုးစားသင်ယူကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

အဆိုပါ စာရင်းကောက်သင်တန်းသို့ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူးရုံးများမှ သင်တန်းသား သင်တန်းသူ ဝန်ထမ်း ၅၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပန်းတနော်မြို့၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု သင်တန်း ဖွင့်လှစ်

ပန်းတနော် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၇) စက်မှုလယ်ယာစခန်းမှ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန (ပန်းတနော်) ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မအူပင်ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသန်းဇော်ဦးက ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ကာ သင်တန်းနည်းပြဆရာများက သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၃၁ ဦး တက်ရောက်ပြီး သင်တန်းကို စက်တင်ဘာ ၁၈ ရက်မှ ၂၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ဆက်)

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီးကျင်းအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၈

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီးကျင်းအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနဌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာ–တရုတ် နယ်စပ်ဒေသ တစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် (၇)ကြိမ်မြောက် အာဆီယံ-တရုတ် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖိုရမ် ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၈

ခေတ်သစ် ပိုးလမ်းမကြီး ဖော်ဆောင်မှု (Belt and Road Initiative – BRI) တွင် ပါဝင်သည့် နိုင်ငံများအတွက် သွင်းကုန်နှင့် ပို့ကုန် အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု ညီလာခံသို့ တက်ရောက်ရန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ရီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနနှင့် ကွမ်ရီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရတို့ ပူးပေါင်းကျင်းပသည့် (၇) ကြိမ်မြောက် အာဆီယံ–တရုတ် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန ဝန်ကြီး၊ ကွမ်ရီးကျွမ့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကမ္ဘာ့စားရေရိက္ခာ အစီအစဉ် ၏ တရုတ်နိုင်ငံဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ် Mr. Qu Sixi တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ဖိုရမ်သည် ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်း ကြုံတွေ့ရသော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအပေါ် မူတည်၍ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများကို အဓိကဆွေးနွေးကြမည်ဖြစ်သည့်အတွက် ကောင်းမွန်သည့် ရည်ရွယ်ချက်နှင့် အချိန်ကောင်းပင်ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများကို ကျော်လွှားနိုင်ရေးအတွက် “အာဆီယံဒေသ ပြန်လည်ထူထောင်နိုင်ရေးအတွက် ပြီးပြည့်စုံသော လုပ်ငန်းစဉ်များ ပါဝင်သည့် မူဘောင်တစ်ခု” ရေးဆွဲပြီး (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှ လက်ခံအတည်ပြုပြီး ဖြစ်ပါကြောင်း၊ အဆိုပါမူဘောင်တွင် ပါဝင်ရေးဆွဲထားသော မဟာဗျူဟာ (၅) ရပ်အနက် အာဆီယံနိုင်ငံများအကြား စျေးကွက်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာ အသွင် ကူးပြောင်းရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် ဟူသည့် မဟာဗျူဟာအချက်နှစ်ချက်ကို အထူးအရေးပေးဆောင်ရွက်သင့်ပါကြောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် အာဆီယံနိုင်ငံများ၏ အရေးကြီးသော ကုန်သွယ်မှု မိတ်ဖက်နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံအတွက်လည်း အရေးပါသည့် ကုန်သွယ်မှု မိတ်ဖက်နိုင်ငံဖြစ်သည့်အပြင် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအရ ဒေသတွင်းစားရေရိက္ခာတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်စေမည့် လုပ်ငန်းများကို အဖွဲ့ဝင်နိုင်ငံများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် ဖိုရမ်မှ ဆွေးနွေးချက်များအရ ထွက်ရှိလာမည့်ရလဒ်ကောင်းများအပေါ် မူတည်ပြီး ဒေသတွင်း၌ စားရေရိက္ခာဖူလုံမှုရှိစေရေးအတွက် အတူတကွ ပူးတွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန (MARA) ဝန်ကြီး H.E. Mr. Tang Renjian နှင့် နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကော်မတီ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး၊ မျိုးစေ့နှင့် ဗီဇအရင်းအမြစ်များ အပြန်အလှန်ဖလှယ်နိုင်ရေး၊ စိုက်ပျိုးရေးသိပ္ပံဆိုင်ရာ သုတေသနစီမံကိန်းများ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အပူပိုင်းဒေသသီးနှံဆိုင်ရာ စံပြစိုက်ခင်းများ ထူထောင်ရေးတို့ကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံဘက်မှ ဓာတ်ခွဲခန်းဆိုင်ရာ ကျွမ်းကျင်သူများအတွက် မွမ်းမံသင်တန်းများ၊ မြစ်ဝကျွန်းပေါ်ဒေသရှိ ရေငန်တားတာနှင့် ရေထိန်းတံခါးများ တည်ဆောက်ရေးအတွက် စူးစမ်းလေ့လာရေးလုပ်ငန်းများ၊ လယ်ယာသုံးစက်ကိရိယာ ပြင်ဆင်ထိန်းသိမ်းခြင်း သင်တန်းများ၊ ရေငန်နှင့် ရေချိုငါးမျိုးစိတ်များ မျိုးဗီဇမြှင့် မွေးမြူခြင်းဆိုင်ရာ နည်းပညာအထောက်အပံ့များကို ရယူလိုပါကြောင်း၊ ခေတ်သစ်ငါးလုပ်ငန်းစက်မှုဇုန် တည်ဆောက်ရန် စိတ်ဝင်စားမှုရှိပါကြောင်း၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ ထိန်းချုပ်ခြင်းကို South–South Cooperation (SSC) အစီအစဉ်ဖြင့် တိုးမြှင့်ဆောင်ရွက် လိုပါကြောင်းနှင့် မြန်မာနိုင်ငံ၌ ပြောင်းချဉ်ဖတ်ကို အမြောက်အမြား တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် တရုတ်ကုမ္ပဏီများမှ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးတို့ကိုလည်း အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့များ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပခဲ့သည့် အကြိမ် (၂၀) မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲနှင့် အကြိမ်(၂၀) မြောက် တရုတ် – အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး၊ (၇) ကြိမ်မြောက် တရုတ် –အာဆီယံ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်နှင့် သွင်းကုန်/ပို့ကုန် အစားအသောက်ဘေးကင်းရေး ပူးပေါင်းဆောင်ရွက်မှု ညီလာခံသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ အကြိမ်(၂၀) မြောက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲနှင့် အကြိမ်(၂၀)မြောက် တရုတ်–အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီး အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် (၇) ကြိမ် မြောက် တရုတ်–အာဆီယံ တိုင်းရင်းဆေးနှင့် ဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးနှင့် ကျန်စုပြည်နယ် ရောဂါကာကွယ်ထိန်းချုပ်ရေးဌာနသို့ လေ့လာရေးခရီးသွားရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းတို့သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကူမင်းမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ (Minister–Counselor) Mr. Jia Junjie နှင့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း လူမှုပဋ္ဌိပက္ခကြောင့် လူသားချင်းစာနာမှုအကူအညီ လိုအပ်သူများအတွက် ၂၀၁၇ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC)နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း(MRCS) တို့မှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီပေးအပ်ခဲ့မှု၊ ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ တုံ့ပြန်ရေးလုပ်ငန်းများတွင် ICRC မှ ကူညီဆောင်ရွက်ပေးခဲ့မှု၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ယနေ့အထိပြည်တွင်းနေရပ်စွန့်ခွာသူများအား ဝန်ကြီးဌာန၏ ဘတ်ဂျက်ငွေကျပ်၁၁၄ ဘီယီယံသုံးစွဲ၍ အထောက်အပံ့ပေးနေမှုအခြေအနေများ၊ ICRC နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသော လူသားချင်းစာနာမှု လုပ်ငန်းများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC တို့အကြား ရခိုင်ပြည်နယ်တွင် လုပ်ငန်း ပူးပေါင်းဆောင်ရွက်နိုင်ရန် Regional Agreement လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်နေမှု၊ မိုင်းထိခိုက်ခံရသူများအတွက် ICRC ၏ ခြေတုလက်တုတပ်ဆင်ပေးရေးလုပ်ငန်းများ၊ ဝန်ကြီးဌာနနှင့် ICRC တို့အကြား လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရုရှားဘာသာစကား (အခြေခံ)သင်တန်း ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၁၈

ရုရှားဘာသာစကား (အခြေခံ)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များနှင့် ဟိုတယ်များမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရုရှားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ရာတွင် ဘာသာစကားအခက်အခဲမရှိစေရန်နှင့် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ကြိုတင်သိရှိနိုင်စေရန် ယခုကဲ့သို့ ရုရှားဘာသာစကားသင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ရုရှားခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးအတွက် ပြည်ဝင်ဗီဇာဖြေလျှော့ခြင်း၊ ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် နိုင်ငံတကာ ခရီးသွားပြပွဲများ၊ အစည်းအဝေးများသို့ တက်ရောက်ပြီး နှစ်နိုင်ငံခရီးသွားအာဏာပိုင်အဖွဲ့အစည်းများအကြား ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် ယခုသင်တန်းမှ သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို ကြိုးကြိုးစားစား လေ့လာသင်ယူကြပြီး လက်တွေ့လုပ်ငန်းတွင် အကျိုးပြုအသုံးချနိုင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် Welcome Russia

Program in Myanmar အစီအစဉ်တို့တွင် ပါဝင်ဆောင်ရွက်နေမှု၊ ခရီးသွား ဆွဲဆောင်ရာနေရာများ ဖော်ဆောင်နေမှု၊ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုနှင့် ဘာသာစကားသင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရုရှားဘာသာစကား (အခြေခံ)သင်တန်းကို ရုရှား-မြန်မာ ချစ်ကြည်ရေး အသင်းမှ နည်းပြများက ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၅၄ ဦး တက်ရောက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရုရှားဘာသာစကား (အခြေခံ)သင်တန်းနှင့် ဒီပလိုမာသင်တန်း အပါအဝင် စုစုပေါင်း သင်တန်း (၁၂)ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ ၄၉၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၏ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၃ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင် တပ်နယ်အတွင်းရှိ ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် စိုက်ပျိုးမွေးမြူရေးဇုန်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်၍ ပျိုးပင်များ စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အုန်းမွေးပင်၊ နှစ်ရှည်သီးပင်စားပင်နှင့် အရိပ်ရ လေကာပင် စုစုပေါင်း ၆၄၂ ပင် ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

လက်ပံတန်းမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး (HPV) ထိုးနှံ

လက်ပံတန်း စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်း ဦးဆောင်၍ ကျန်းမာရေး ဆရာမများက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့ နံနက်ပိုင်းက သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး ထိုးနှံခြင်းအား အသက် ၉ နှစ်မှ ၁၂ နှစ် မကျော်သော ကျောင်းသူ ၇၇ ဦးအား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

သာအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံပေးနေမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာဝင်းနှင့် ဆရာမများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

အောင်ဆင့်

မောက်မယ်မြို့နယ်၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

မောက်မယ် စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခြင်းကို ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ယင်းသို့ စုပေါင်းသွေးလှူဒါန်းရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား မောက်မယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်၊ မြို့မစခန်းမှူး ဒုရဲမှူးမင်းနိုင်တို့က ကြည့်ရှုအားပေးပြီး အာဟာရဖြည့်အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်-အာဆီယံ ဆောက်လုပ်ရေးဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းဆောင်ရွက်နေသော တံတားနှင့် ကားလမ်းဥမင် စီမံကိန်းလုပ်ငန်းများ ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရီးကျွမ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသော ဆောက်လုပ်ရေးဝန်ကြီးများအဆင့် အစည်းအဝေးသို့ စက်တင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၇ ရက်နံနက်ပိုင်းတွင် အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်-အာဆီယံနိုင်ငံများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နန်နင်းမြို့မှ Tengxian(ထန်ရှင့်)မြို့သို့ သွားရောက်၍ Pingcen Expressway (ဖင်းချန် အမြန်လမ်းမကြီး)ပေါ်ရှိ Long Span Cable-stayed နှင့် Suspension System ပေါင်းစပ်တည်ဆောက်နေသည့် Tengzhou Xunjiang (ထန်ကျို့ ရွှင်ကျန့်) တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိလေ့လာခဲ့ရာ တံတားစီမံကိန်းတာဝန်ခံ အင်ဂျင်နီယာများက တံတားတည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နည်းပညာဆိုင်ရာ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ရာ စီမံကိန်းတာဝန်ခံများက ပြန်လည်ရှင်းလင်းတင်ပြကြကာ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ လိုက်လံကြည့်ရှု၍ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် မေးမြန်းဆွေးနွေးခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါတံတားလုပ်ငန်းခွင်နှင့် ဆက်စပ်ဖောက်လုပ်နေသော Tengzhou Tunnel (ထန်ကျို့ ကားလမ်းဥမင်) တည်ဆောက်နေသည့်နေရာသို့ ရောက်ရှိခဲ့ရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာများက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ကားလမ်းဥမင်တည်ဆောက်ခြင်း လုပ်ငန်းခွင်အတွင်းသို့ လိုက်လံပြသရာ ပြည်ထောင်စုဝန်ကြီးက ဥမင်တည်ဆောက်ခြင်းနည်းပညာနှင့်ပတ်သက်၍ သိရှိလိုသည့် ဆွေးနွေးမေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့မှ China Southern လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ရာ အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကျိုက်လတ်၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေး

ကျိုက်လတ် စက်တင်ဘာ ၁၈

အသက်(၉) နှစ်ပြည့်ပြီး (၁၂)နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီက ကျိုက်လတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြစန္ဒီခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မောင်၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ကျိုက်လတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၈၈ ကျောင်းမှ အသက်(၉)နှစ်ပြည့်ပြီး (၁၂)နှစ်မကျော်သောကျောင်းသူ ၂၄၀၀ ကျော်အား ဆေးထိုးစုရုပ် ၆၈ ခု သတ်မှတ်ဖွင့်လှစ်၍ တစ်ချိန်တည်း တစ်ပြိုင်တည်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆေးသည် အရွယ်ရောက်ပြီး အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုကို ၉၅ ရာခိုင်နှုန်းကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၀၇

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ဒုတိယပတ်က လသာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်အောင်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကြေးမုံ

အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှပြခန်း ၈၀ ဆက်လက်ပြသ

နေပြည်တော် စက်တင်ဘာ ၁၈

တရုတ်နိုင်ငံ ကွမ်ရီးကျွမ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် အကြိမ်(၂၀) မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို စက်တင်ဘာ ၁၆ ရက်မှစတင်၍ တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထုတ်ကုန်ပစ္စည်းများကို ပြသလျက်ရှိရာ ယနေ့တွင် တတိယနေ့အဖြစ် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၈၀ ဖြင့် ဆက်လက်ပါဝင်ပြသလျက်ရှိသည်။

ခင်းကျင်းပြသရောင်းချ

မြန်မာကုန်စည် ပြခန်းများတွင် လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ထောပတ်သီး၊ ရေထွက်ကုန်များ၊ မြန်မာ့ လက်မှုအနုပညာပစ္စည်းများ၊ အဝတ်အထည်၊ စားသောက်ကုန်များ၊ မြန်မာ့ကျောက်မျက်လက်ဝတ်ရတနာ ပစ္စည်းများကို စုံလင်စွာခင်းကျင်းပြသရောင်းချလျက်ရှိသည်။

အဆိုပါကုန်စည်ပြပွဲ တတိယနေ့တွင် ယခင်နေ့များနည်းတူ မြန်မာ့ထုတ်ကုန် ပစ္စည်းများကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုသူများ၊ ကြိုက်နှစ်သက်၍ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး နှစ်လိုဖွယ်ရာ မြို့ပြခန်းဆောင်၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေ တင်ဆက်ကပြလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပုသိမ်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ပုသိမ် စက်တင်ဘာ ၁၈

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် မင်းကုန်းကျေးရွာအုပ်စုစစ်တန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၁၂၇၅ ပေx ၆ ပေx ၆ လက်မ) ခွင့်ပြုငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် လေးသန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးငွေးနိုင်(ဒုတိယညွှန်ကြားရေးမှူး)က ကွင်းဆင်းစစ်ဆေးရာ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့် (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဝင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ ၂၂

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တီးတိန်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးကိုကိုဦး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီတွင် ချင်းပြည်နယ် တီးတိန်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းအဝင်လမ်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများခုတ်ထွင်ရှင်းလင်းဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းမည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (SOP) ရေးဆွဲပြုစုရေး အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure –SOP) ရေးဆွဲပြုစုရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနအသီးသီးမှ ကော်မတီဝင်များ တက်ရောက်ကြသည်။

ထိခိုက်နစ်နာမှုများဖြစ်ပေါ်

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးမြေများ သုံးစွဲမှုနှင့်ပတ်သက်၍ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများဖြစ်ပေါ်လျက်ရှိပါကြောင်း၊ မြေအသုံးချမှုနှင့် ပတ်သက်၍ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းဥပဒေများနှင့်အညီ စိစစ်ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ (SOP)ရေးဆွဲပြုစုရေး နေပြည်တော်ကောင်စီလုပ်ငန်းကော်မတီအနေဖြင့် စိုက်ပျိုးရေးအခြေခံသော မိမိတို့နိုင်ငံတွင် လယ်ယာမြေအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးချနိုင်ရေးအတွက် တည်ဆဲလယ်ယာမြေဥပဒေများကို မျက်ကွယ်ပြုပြီး လယ်မြေများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ မြို့မြေ/ရွာမြေကဲ့သို့ အခိုင်အမာနေအိမ်များ ဆောက်လုပ်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ စက်ရုံအလုပ်ရုံများ ဆောက်လုပ်ခြင်းများ ပြုလုပ်နေကြသည့်အတွက် ဥပဒေမဲ့ကျူးလွန် လုပ်ဆောင်နေမှုများကို စနစ်တကျ လေ့လာဆန်းစစ်ပြီး မှန်ကန်ရိုးသားစွာ လုပ်ဆောင်ကြသည့် ပြည်သူများ နစ်နာမှုမရှိစေရေး ပြဋ္ဌာန်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်စိစစ်ပြီး ဦးစီးကော်မတီသို့ တင်ပြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော်ကောင်စီ လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးတင်ထူးက လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း(Standard Operating Procedure – SOP) ရေးဆွဲပြုစုရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက် ဌာနအသီးသီးမှ လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံများ ဆောက်လုပ်ခွင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း(SOP)များ ရေးဆွဲနိုင်ရေးနှင့် မြို့ပြစီမံကိန်းရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ပြောကြား

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံများ တည်ဆောက်သည့်နေရာ၌ စည်းမျဉ်းစည်းကမ်းများ (SOP)များ ရေးဆွဲသွားရန်နှင့် နောက်ပိုင်းတွင် အဆိုပါ SOP များကို ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွက် မြို့ပြစီမံကိန်းကို စနစ်တကျရေးဆွဲဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် ငလျင်ဒဏ်ခံနိုင်သည့် ဒီဇိုင်းပုံစံ၊ အထပ်အမြင့်ဆိုင်ရာ ကန့်သတ်ချက်၊ အဆောက်အအုံအမြင့် ကန့်သတ်ချက်စသည့်အချက်များကို စည်းမျဉ်းစည်းကမ်း(SOP)များ ရေးဆွဲနိုင်ရေး ပညာရှင်များနှင့်ညှိနှိုင်းပြီး အဘက်ဘက်က ဆွေးနွေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ နေပြည်တော်အတွက် မြို့ပြစီမံကိန်းရေးဆွဲသည့် နေရာတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ Green City၊ Clean City၊ Smart City ဖြစ်စေရေး ဦးတည်ရေးဆွဲရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး နေချင်စဖွယ်ကောင်းသည့် မြို့တော်ဖြစ်လာစေရေး ဦးတည်ရေးဆွဲကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်း အတွင်းဝန်၊ ဌာနကြီးမှူးများ၊ ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများက ပေးပို့တင်ပြလာသည့် သတ်မှတ်ပါတီဝင်အင်အားစာရင်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ပူးပေါင်း၍ စိစစ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး စက်တင်ဘာ ၁၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများက ပေးပို့တင်ပြလာသည့် သတ်မှတ်ပါတီဝင်အင်အား စာရင်းများ မှန်ကန်မှု ရှိ/မရှိ၊ မြေပြင်တွင် အမှန်တကယ် နေထိုင်ခြင်း ရှိ/မရှိတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ပူးပေါင်း၍ စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူး ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးတင်ပြ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးဦးက ပြောကြားရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅(စ)အရ မှတ်ပုံတင်ခွင့်ပြုသည့် နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀ ကို လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို လည်းကောင်း စည်းရုံးရမည်ဖြစ်ပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)အရ မိမိတို့ ပါတီ စည်းရုံးရရှိထားသည့် သတ်မှတ်ပါတီဝင် ဦးရေပြည့်မီသော အင်အားစာရင်းကို မြို့နယ်အလိုက်စုစည်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၉) နှစ်စုံဖြင့် ပြုစုတင်ပြရမည်ဖြစ်ကြောင်း၊ ယနေ့တက်ရောက်လာသည့် ပါတီလေးခုမှ သတ်မှတ်ကာလအတွင်း ပေးပို့လာသည့် ပါတီဝင်အင်အား စာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က CVLMS Software ဖြင့် စစ်ဆေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့၍ အချက်အလက်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက Admin DEO Software ဖြင့် စစ်ဆေးခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ မြေပြင်အခြေအနေနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ပါတီဝင်စာရင်းတွင် ဥပဒေနှင့်အညီ နေထိုင်သူစာရင်း၌ မရှိသူများ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်တူသူများ၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်သာတူသူများ အစရှိသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် ပါတီဝင်အင်အားများ ပါဝင်နေသည့်အပြင် ဝန်ထမ်းများ ပါဝင်နေခြင်း၊ နေရပ်လိပ်စာပြည့်စုံမှုမရှိသည့် ပါတီဝင်များပါဝင်နေခြင်းတို့ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ နိုင်ငံရေးပါတီများမှ တင်ပြထားသည့် သတ်မှတ်ပါတီဝင် အင်အားစာရင်းများ မှန်ကန်မှု ရှိ/မရှိ၊ မြေပြင်တွင် အမှန်တကယ် နေထိုင်ခြင်း ရှိ/မရှိ တို့ကို သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ပူးပေါင်း၍ စိစစ်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်မည် ဖြစ်သဖြင့် သက်ဆိုင်ရာ ပါတီအသီးသီး၏ မြို့နယ်တာဝန်ခံများက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားပြီး တက်ရောက်လာသူများက လိုအပ်သည်များ ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီနှင့် ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီတို့မှ တိုင်းဒေသကြီးအဆင့် ပါတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ပူးပေါင်း၍ စိစစ်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်မည် ဖြစ်သဖြင့် သက်ဆိုင်ရာ ပါတီအသီးသီး၏ မြို့နယ်တာဝန်ခံများက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားပြီး တက်ရောက်လာသူများက လိုအပ်သည်များ ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြသည်။

သတင်းစဉ်

ဗလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့ — စာပေမြင့်မှ လူမျိုးတင့်မည်

မြန်မာပြည်မြောက်ဖျားရှိ သဘာဝအဖိုးတန် ဆေးဖက်ဝင်အပင်များမှ ထုတ်လုပ်သည့် တိုင်းရင်းဆေးဝါး ထုတ်ကုန်များ

မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ်သည် သဘာဝသယံဇာတများ ပေါများသည့်အလျောက် အာရှ၏အကောင်းဆုံး ကျောက်စိမ်းရတနာ ထွက်ရှိသည် သာမက ကချင်ပြည်နယ်မှထွက်ရှိသော ပယင်းကျောက်သည်လည်း လူကြိုက်များလှသည်။ ထို့အပြင် စိုက်ပျိုးမြေမှာလည်း မြေဆီလွှာကောင်းများရှိသည့်ဒေသ ဖြစ်သည်။

သတင်း- ဖြိုးလေး၊ ငုရှော၀ါ
ဓာတ်ပုံ - ဇော်ဘောက်

ရေမြေတောတောင် သဘာ၀အရင်းအမြစ်များ ပေါကြွယ်ဝပြီး သာယာလှပသော ရှုခင်းများ၊ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းများ၊ ရိုးရာအစားအစာများ၊ ဒေသထွက်ကုန်များ စသည်တို့က လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။

ဆွဲဆောင်မှုတစ်ခုအဖြစ်တည်ရှိ

ဒေသထွက် ကျောက်စိမ်း၊ ပယင်းအချောထည်များ၊ ရိုးရာဂျပ်ခုတ်အဆင်၊ ရိုးရာပုဆိုးတို့သည် ပြည်နယ်အတွင်း ဆွဲဆောင်မှုတစ်ခုအဖြစ် တည်ရှိနေပြီး အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)အဖြစ် တိုးတက်လျက်ရှိသည်။ ထို့အတူ သဘာ၀အလျောက် ဆေးဖက်ဝင် မဂျစ်ဥ၊ ခန်းတောက်မြစ်၊ ဂျင်စင်း၊ မရှော့၊ ရှီးပတီး(ခေါ်)ပိုးဆေးနွယ်ရှင် စသည့်အပင်များ ပေါက်ရောက်ရာ ဒေသလည်းဖြစ်သည်။

ဒေသမှထွက်ရှိသော အဖိုးတန်ဆေးဖက်ဝင် အပင်၊ အရွက်၊ အသီး၊ အခေါက်၊ အမြစ်များဖြင့်ဖော်စပ်ထုတ်လုပ်ထားသည့် အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း လုပ်ငန်းများရှိရာ ကချင်ပြည်နယ်အတွင်း တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းပေါင်း ၃၅ ခုရှိကြောင်းလည်း သိရသည်။ အရည်

အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်ကင်းကာ အကျိုးသက်ရောက်မှုရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲရန်အတွက် သက်ဆိုင်ရာက ကြိုးကြပ်ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်မှ ထွက်ရှိသော အစာကြေဆေး၊ ရှူလိမ်းဆေး၊ အကြောပြေ ဒဏ်ကြေလိမ်းဆေး၊ မီးယပ်ဆေး၊ သွေးအားတိုးဆေး၊ အဆုတ်ရောဂါ သောက်ဆေး၊ သလိပ်ပျော်အစာကြေ ဆေးပြား၊ အခိုးပွင့်သွေးဆေး၊ အကျိတ်မန်းဆေး၊ ကလေးသူငယ်နာဆေး၊ လိပ်ခေါင်းဆေး၊ မီးယပ်သွေးသန့်ဆေး၊ အဖုအကျိတ်နာသောက်ဆေး၊ အရိုးနှင့် အနာစည်းဆေး၊ ဆေးမြစ်စုံ ဒဏ်ကြေ လိမ်းဆေး၊ ကချင်ဆေးမြစ်စုံဆေး၊ စိမ်သောက်ဆေး အစရှိသည့်ဆေးများကို ဆေးဖက်ဝင်အပင်များနှင့် ဖော်စပ်ထုတ်လုပ်ရောင်းချလျက်ရှိသည်။

ထိုသို့ ထုတ်လုပ်နေသည့် လုပ်ငန်းများအနက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီးတစ်ဝိုက်မှ ထွက်ရှိသော ဆေးဖက်ဝင်အပင်များဖြင့် ဖော်စပ်ထုတ်လုပ်နေသည့် ဘဝသစ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို တင်ပြမျှ၀ေလိုပါသည်။

ထုတ်လုပ်လျက်ရှိ

အဆိုပါဆေးတိုက်သည် အဆုတ်ဆေးကို အဓိကထားထုတ်လုပ်ပြီး လေနိုင်ဆေး၊ ဒူလာဆေး၊ ချောင်းဆိုးရောဂါ သောက်ဆေး၊ ရိန်းဂျားဒဏ်ကြေလိမ်းဆေးများ ထုတ်လုပ်လျက်ရှိသည်။ ဆေးဝါးများ ထုတ်လုပ်ရာတွင် အဆုတ်ရောဂါဖြစ်ပွားသူများအတွက် အဓိကထားထုတ်လုပ်ပြီး ဆေးမြစ်၊ ဆေးနွယ်၊ ဆေးရွက်များဖြင့် ပေါင်းစပ် ထုတ်လုပ်ထားခြင်းဖြစ်ကာ ပါ၀င်သော ဆေးကုန်ကြမ်း အမယ်များသည် မြစ်ကြီးနားအနီးတစ်ဝိုက်မှရရှိသော ကုန်ကြမ်းများဖြင့် ဖော်စပ်ထားကြောင်းလည်း သိရသည်။ သဘာ၀ သစ်နွယ် သစ်မြစ် သစ်ရွက် သစ်ခေါက်များဖြစ်သော ကျားခြေရာ၊ နန္တင်းခါး အစရှိသည်များနှင့် ထုတ်လုပ်ထားရှိသောကြောင့် ဆေးဖက်ဝင် အာနိသင်အနေဖြင့် ရောဂါအခြေအနေပေါ်မူတည်၍ သက်သာပျောက်ကင်းကြောင်း သိရသည်။ အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ် ကာလအတွင်း ထုတ်လုပ်မှု များပြားခဲ့ကြောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများကပါ မှာယူမှုရှိသဖြင့် ပိုမိုရောင်းချနိုင်ခဲ့ကာ ဆေးစွမ်းထက်မြက်မှုကို ပိုမိုသိရှိလာကြကြောင်း ဆေးတိုက်ပိုင်ရှင်ဖြစ်သူ ဦးမရစ်နော်ဂျာက ပြောသည်။

ယင်းဆေးဝါးများကို ၁၉၅၈ ခုနှစ်ကတည်းက ဖခင်ဖြစ်သူ စတင်လုပ်ကိုင်ခဲ့ရာ မိမိအနေဖြင့် လက်ဆင့်ကမ်း အမွေအဖြစ် ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိရိုးဖလာ ဆေးဖော်စပ်နည်းအတိုင်း လက်ရှိတွင် ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း၊ တိုင်းရင်းဆေးဝါး မှတ်ပုံတင်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောပြသည်။ နေ့စဉ် ဆေးထုပ်အသေး အရေအတွက် တစ်ထောင်ခန့် ထုတ်လုပ်နိုင်ကြောင်းနှင့် တစ်နိုင်တစ်ပိုင်မှသည် ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းပါ တိုးပွားရေးကိုလည်း ဆောင်ရွက်ပေးနိုင်ကြောင်း တွေ့ရသည်။

ပါ၀င်ပြသ

ထိုသို့ အလုပ်အကိုင်အခွင့်အလမ်းတိုးပွားခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါ၀င်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) ဖွံ့ဖြိုးတိုးတက်ရေး ထုတ်ကုန်ပြပွဲများတွင် ပါ၀င်ပြသခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်ရှိ သဘာ၀တောတောင်များမှထွက်ရှိသော ဆေးဖက်ဝင်အပင်များဖြင့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ချိလျက်ရှိရာ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ခြင်း၊ ပြည်တွင်းမှရရှိနိုင်သော သယံဇာတ ဆေးဝါးများကို တွင်ကျယ်စွာရရှိနိုင်ရေးနှင့် အသုံးချနိုင်ခြင်းတို့အပြင် ဒေသနေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **“ကချင်ပြည်နယ်ရှိ သဘာ၀တောတောင်များမှ ထွက်ရှိသော ဆေးဖက်ဝင်အပင်များဖြင့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ချိလျက်ရှိရာ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ခြင်း၊ ပြည်တွင်းမှရရှိနိုင်သော သယံဇာတ ဆေးဝါးများကို တွင်ကျယ်စွာရရှိနိုင်ရေးနှင့် အသုံးချနိုင်ခြင်းတို့အပြင် ဒေသနေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေမည်သာ”**

ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပဲခူး စက်တင်ဘာ ၁၈

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

စုပေါင်းသန့်ရှင်းရေးပြုလုပ်

စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာတွင် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွဋ်၏ ဦးဆောင်မှုဖြင့် တိုင်း၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းအကူရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ မူးယစ်ရဲတပ်ဖွဲ့၊ လူကုန်တားရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁)လုံခြုံရေးရဲတပ်ခွဲ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းပြီး ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်နှင့် ဓမ္မာရုံများတွင် တံမြက်စည်းလှဲခြင်း၊ ဂြိုဟ်တိုင်များရှိ ရုပ်ပွားတော်မြတ်များတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားပန်းအိုးများ ဆေးကြောသန့်စင်ပေးခြင်း၊ စေတီတော်အထက်ပစ္စယံတွင် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သန့်ရှင်းရေးပြုလုပ်သည့် ရဲတပ်ဖွဲ့ဝင်များအား ကောက်ညှင်းပေါင်းဖြင့် ကျွေးမွေးဧည့်ခံကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အင်းစိန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးငြိမ်းချမ်းအောင်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်အောင်ဖြိုးတို့ ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ကံလှကျေးရွာရှိ သီရိမဂ်လာကံလှကျောင်းတိုက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် လမုတန်းရဲဝန်ကွက် လမုတန်းဘုန်းကြီးကျောင်းဝင်းအတွင်း ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီက ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် နမ့်ဆန်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၀ ဦးတို့က စုပေါင်းသွေးလှူဒါန်းစဉ်။

ရဲပြန်ကြား

ပုသိမ်မြို့၌ စာပေနှင့် သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဆွေးနွေးပွဲ ကျင်းပ

ပုသိမ် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက စာပေနှင့် သတင်းမီဒီယာကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရေးနှင့် စာကြည့်တိုက်များ အောင်မြင်စွာ ဆက်လက်ရပ်တည်နိုင်စေရေးတို့အတွက် ယနေ့နံနက် ၁၀ နာရီက ပုသိမ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဒေသခံစာပေသမားများ၊ သတင်းမီဒီယာ အဖွဲ့အစည်းများ၊ ဧရာဝတီတိုင်း စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က စာပေကိစ္စရပ်များအကြောင်း၊ အဆိပ်သင့်စာပေများကိုရေးသားခြင်း၊ ထုတ်ဝေခြင်းများကို ရှောင်ကြဉ်ရမည့်အကြောင်း၊ ဒေသတွင်း၌ လူငယ်များ စာဖတ်ရှိန်မြင့်တက်လာစေရေးအတွက်၊ စာကြည့်တိုက်များ ပိုမိုပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရမည့်အကြောင်းတို့ကိုဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးအောင်ပြည့်စုံက သတင်းမီဒီယာကောင်စီ၏ ရပ်တည်ချက်များ၊ သတင်းမီဒီယာသမားများကို အရည်အသွေးမြှင့်တင်ရေး၊ သတင်းတုသတင်းမှားများ ချေဖျက်ရေး၊ ကျင့်ဝတ်ကို လိုက်နာသော သတင်းမီဒီယာသမားများ ပိုမိုပေါ်ပေါက်လာစေရေးနှင့် သတင်းသမားများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေးများကိုဆွေးနွေးခဲ့သည်။

သတင်းမီဒီယာ ကောင်စီဝင် ဦးနေလင်း (မောင်ချိုဝေ)က သတင်းသမားများ လိုက်နာရမည့် ကျင့်ဝတ်များနှင့် သတင်းလွတ်လပ်ခွင့်များအကြောင်းကို အမျိုးသားရေးနှင့် သတင်းမီဒီယာခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ရိုက်နှိပ်ထားသည့် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်စာအုပ်များ၊ မဂ္ဂဇင်းဂျာနယ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေသခံသတင်းမီဒီယာသမားများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းရှိန်၊ ပုသိမ်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ပုသိမ်မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာများ၊ သတင်းသမားများ၊ ဧရာဝတီတိုင်း စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ စုစုပေါင်း အင်အား ၁၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပုဇွန်တောင်မြို့နယ်၌ ပြည်သူများအား စားသုံးဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်အတွင်း ကုန်ဈေးနှုန်းများ တည်ငြိမ်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းတို့ပူးပေါင်း၍ ပြည်သူများအား စားသုံးဆီများကို သက်သာသော ဈေးနှုန်းဖြင့် ယနေ့ နံနက်ပိုင်းက ရောင်းချလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြို့နယ်များသို့ ရောင်းချပေးသည့် တစ်ရက်လျှင် တစ်ပီပါနှုန်းဖြင့် ရပ်ကွက်များအား ရောင်းချပေးနေမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တစ်နေ့လျှင် ပိဿာ ၅၅၀ အား ရပ်ကွက်များသို့ ရောင်းချပေးနေမှုကိုလည်းကောင်း၊ မြို့နယ်အတွင်းရှိ မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ဝယ်ယူခွင့်ရရှိသည့် ကုန်သည်သုံးဦးကဆီပိဿာ၅စဉ့်၀အားရောင်းချပေးနေမှုကိုလည်းကောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ရန် ဖွဲ့စည်းဆောင်ရွက်ထားသည့်အဖွဲ့က အမှတ်(၆) ရပ်ကွက်ရှိ ပုဇွန်တောင်ဈေး ကုန်စိမ်းတန်းလမ်းရှိ ဆီရောင်းချသည့်နေရာနှင့် အမှတ်(၁၀)ရပ်ကွက်ရှိ (၄၉) လမ်းတို့တွင် အများပြည်သူများအား ရောင်းချပေးနေမှုကို လိုက်လံကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်နေပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်လွင်၊ အဖွဲ့ဝင်(၂) ဦးမင်းဇော်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆီလုပ်ငန်းရှင်များက စစ်ဆေးကြည့်ရှုကြသည်။ ဆီရောင်းချပေးရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအထောက်အကူပြု ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက ဒေသခံပြည်သူများ မည်သူမဆိုလွတ်လပ်စွာ ဝယ်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများအား သက်သာသောဈေးနှုန်း ဖြင့် စားသုံးဆီများ ရောင်းချပေးရာတွင် တစ်ဦးလျှင် ၅၀ ကျပ်သားနှုန်း၊ ဆီတစ်ပိဿာ လျှင် ငွေကျပ် ၄၇၅၀ နှုန်းဖြင့် ပြည်သူများအား ရောင်းချပေးခဲ့ကြောင်း သိရသည်။

ကြေးမုံ

(၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးထိပ်သီးဖိုရမ် ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ယနေ့တွင် ကျင်းပခဲ့သည့် (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ထိပ်သီးဖိုရမ်သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ခေါင်းဆောင်သည့် အဖွဲ့တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက တရုတ်-အာဆီယံ ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားခဲ့သည်။

မိန့်ခွန်းပြောကြား

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာတွင် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ခိုင်မာသည့်မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ယခုဖိုရမ်အတွင်း ဒေသတွင်းစီးပွားရေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အာရှပိုးလမ်းမကြီးဖော်ဆောင်မှု (Belt and Road Initiative) အရ ငွေရေးကြေးရေးဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်အချက်များကို အတည်ပြုဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ငွေရေးကြေးရေးတည်ငြိမ်ရေးအား ထိန်းသိမ်းနိုင်ရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ပေါင်းစည်းမှုများအား ပိုမိုနက်ရှိုင်းစွာ မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့အား ဆောင်ရွက်ရန် ကတိကဝတ်ပြုခဲ့ကြသည်ကို အလေးအနက်ထားပြောကြားလိုပါကြောင်း၊ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းသင်းဆက်ဆံရေး၊ စီးပွားရေးဆိုင်ရာ ပိုမိုနက်ရှိုင်းစွာ ပေါင်းစည်းမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်မှုများ၌ နှစ်ပေါင်းများစွာ အားကောင်းခိုင်မာမှုများ ရှိခဲ့ပါကြောင်း၊ ယနေ့အချိန်အခါတွင် တစ်ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုများကြောင့်ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုအခက်အခဲများဖြစ်သည့် ငွေရေးကြေးရေး အခြေအနေဆိုင်ရာ မတည်ငြိမ်မှုများ၊ စျေးကွက်မတည်မငြိမ်ဖြစ်မှုများကြောင့် ထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့၏ ငွေကြေးစနစ်များ တည်ငြိမ်စေရေးနှင့် အမေရိကန်ဒေါ်လာအပေါ် မှီခိုအားထားရမှု လျှော့ချနိုင်ရေး ကြိုးပမ်းအားထုတ်နေကြပြီး ဒေသတွင်း ဆန်းသစ်တီထွင်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများအား မြှင့်တင်ရန် လိုအပ်ပါကြောင်း၊ တရုတ်ယွမ်၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်လာခဲ့ပြီး နယ်စပ်ဖြတ်ကျော် ပေးချေမှုများအတွက် ကုန်သွယ်မှုဆိုင်ရာပေးချေမှု ငွေကြေးအဖြစ် တတိယနေရာသို့ ရောက်ရှိလာခဲ့ပါကြောင်း၊ အာရှပိုးလမ်းမကြီးဖော်ဆောင်မှု နည်းဗျူဟာနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ မဟာစီမံကိန်းများကြောင့် ငွေရေးကြေးရေးဆိုင်ရာချိတ်ဆက်နိုင်မှုများ ပိုမိုအားကောင်းခိုင်မာလာပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အာရှပိုးလမ်းမကြီး ဖော်ဆောင်မှုမှ တစ်ဆင့် မြန်မာနိုင်ငံ၏စီးပွားရေးဆိုင်ရာ ချိတ်ဆက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် အထောက်အပံ့များရရှိနိုင်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ စီမံကိန်းများအတွက် အခြေခံအဆောက်အအုံ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ချိတ်ဆက်မှုများနှင့်စပ်လျဉ်း၍ အခွင့်အလမ်းကောင်းများအား အရှိန်မြှင့်တင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုနှင့် ပတ်သက်၍ ယွမ်-ကျပ်အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မိမိတို့နှစ်နိုင်ငံ၏ပထဝီဝင်အနေအထားအရ နယ်စပ်ဖြတ်ကျော်ပေးချေမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အလားအလာကောင်းများအား လမ်းဖွင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား မိတ်ဖက်ဆက်ဆံရေး၌ ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် အရေးပါပါကြောင်း၊ ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ချဲ့ထွင်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ခြင်းတို့သည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေရေးကြေးရေးတွင် အားလုံးပါဝင်လာနိုင်မှု စသည်တို့အပေါ် အထောက်အကူ ဖြစ်စေပါကြောင်း၊ မိမိတို့အနေဖြင့် ငွေရေးကြေးရေးတည်ငြိမ်ရေး မြှင့်တင်ဆောင်ရွက်နိုင်ရန် အလို့ငှာ နယ်စပ်ဖြတ်ကျော် ငွေလွှဲပြောင်းပေးချေမှုများ၌ ငွေရေးကြေးရေးဆိုင်ရာ ချိတ်ဆက်မှုများ ပိုမိုအားကောင်းခိုင်မာစွာ ဆောင်ရွက်နိုင်စေရန် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါဖိုရမ်သို့ ကွမ်ရီးပြည်နယ် အစိုးရအကြီးအကဲ မစ္စတာလျူနင်း ခေါင်းဆောင်သောအဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားသုံးငွေနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယအကြီးအကဲ၊ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ICBC၊ BOC၊ ABC၊ CCB၊ CDB၊ ADB၊ EXIM Bank of China ဘဏ်များမှ အကြီးအကဲများ၊ China Insurance Corporation မှ အကြီးအကဲများ၊ ဘေဂျင်း၊ ရှန်ဟိုင်းနှင့် ရှန်ဇင်း Stock Exchange မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး မြန်အောင်ခရိုင် မြန်အောင်မြို့မရဲစခန်းအချုပ်အား ကြည့်ရှုစစ်ဆေး

မြန်အောင် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်မိုးမိုးအေးသည် တိုင်းဒေသကြီးတရားရေး ဦးစီးမှူး ဒေါ်ထွေးထွေး၊ မြန်အောင်ခရိုင် တရားသူကြီး ဦးဝင်းထွဋ်အောင်တို့နှင့်အတူ ယနေ့နံနက်က မြန်အောင်ခရိုင် မြန်အောင်မြို့မရဲစခန်း အချုပ်အား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးနှင့် တာဝန်ရှိသူများသည် အချုပ်သား၊ အချုပ်သူများ၏ အချုပ်ခန်းအတွင်း နေရာထိုင်ခင်းအခြေအနေ၊ သောက်သုံးရေရရှိမှု၊ အာဟာရသင့်တင့်မျှတမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဥပဒေပါ အခွင့်အရေးရရှိမှုရှိ/မရှိတို့နှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၉-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စံရွာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၄၁၅	၂၄၆၀	၂၄၅၅	၂၄၂၀	၂၄၆၀	၂၄၈၅	၂၄၇၀	၂၄၄၅	၂၅၄၅	၂၅၆၀	၂၄၅၅	၂၄၆၀	၂၅၀၀	၂၅၀၀	၂၅၀၀	၂၇၃၀	၃၃၁၅
95 Ron	၂၅၄၀	၂၅၉၀	၂၅၉၀	၂၅၅၀	၂၅၉၀	၂၆၁၀	၂၅၉၅	၂၅၇၅	၂၆၇၅	၂၆၉၀	၂၅၈၀	၂၆၀၀	၂၆၂၅	၂၆၂၅	၂၆၃၀	၂၈၆၀	၃၄၁၅
HSD (500 ppm)	၂၅၇၅	၂၆၂၅	၂၆၂၀	၂၅၈၅	၂၆၂၀	၂၆၄၅	၂၆၄၀	၂၆၁၀	၂၇၃၀	၂၇၂၅	၂၆၁၅	၂၆၂၅	၂၆၆၀	၂၆၆၀	၂၆၆၅	၂၈၉၅	၃၄၁၅
HSD (50 ppm)	၂၆၅၀	၂၇၀၀	၂၆၉၅	၂၆၆၀	၂၇၀၀	၂၇၂၀	၂၇၂၀	၂၆၈၅	၂၈၀၅	၂၈၀၀	၂၆၉၀	၂၇၀၅	၂၇၃၅	၂၇၃၅	၂၇၄၀	၂၉၇၀	၃၄၇၅
HSD (10 ppm)	၂၆၅၀	၂၇၀၀	၂၆၉၅	၂၆၆၀	၂၇၀၀	၂၇၂၀	၂၇၂၀	၂၆၈၅	၂၈၀၅	၂၈၀၀	၂၆၉၀	၂၇၀၅	၂၇၃၅	၂၇၃၅	၂၇၄၀	၂၉၇၀	၃၄၇၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၂၉၈	၂၃၇၇
95 Ron	၂၄၂၂	၂၅၀၄
HSD (500 ppm)	၂၄၅၅	၂၅၃၃
HSD (50 ppm)	၂၅၂၉	၂၆၀၉
HSD (10 ppm)	၂၅၂၉	၂၆၀၉

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀۱۶- ၄၀၉၈၈၁၊ ၀۹-۶۹۹۶۵၁၁၁۶

၀۱۶- ၄၁၁၁၂၉၊ ၀۹-۴۴၀۴۲۲၅۲۲

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်ခွဲနမူနာစုစုပေါင်း ၅၀၀၁ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦး တွေ့ရှိ

ကိုဗစ်-၁۹ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁۹ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၇-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၀၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁۹ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁۹ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁۹ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြိတ်မြို့နယ်၌ ကုန်တင်ရေယာဉ်တစ်စင်း မီးလောင်

မြိတ် စက်တင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ကမ်းသာယာရပ်ရှိ ရေနန်းသူဇာ လွန်းကျင်းအတွင်း ပြုပြင်နေသော ရွှေဝတီအမည်ရှိ ကုန်တင်ရေယာဉ် တစ်စင်း စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီခွဲက မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း မြိတ်ခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းမှာ ရွှေဝတီ (သံခွံ) ကုန်တင်ရေယာဉ်၏ သံကိုယ်ထည်အား Cutter ဖြင့်ဖြတ်စဉ် မီးပွားများထွက်ပြီး အင်ဂျင်ခန်းရှိ ဆီချိုး(ဆီချေး)များသို့ ကူးစက်ရာမှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားရာ နေရာသို့ မြိတ်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇင်ဦးချိုနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများ သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၅၅ မိနစ်ခန့်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ရွှေဝတီ ကုန်တင်ရေယာဉ်ပေါ်ရှိ နီဆန်းအမျိုးအစား အင်ဂျင်သုံးလုံး၊တရုတ် ဂျင်ဒေါင်းမီးစက်နှစ်လုံး မီးလောင်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် သိန်း ၇၀ ခန့်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှု ဖြစ်စဉ်နှင့်ပတ်သက်၍ အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

ဝေါမြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

စောလင်းထိန်(ခ)ကျော်ကျော်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်းတွင် တောင်ကြီး-မြဝတီ ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်ပါ ခရမ်းချဉ်သီးသေတ္တာများအတွင်း သိုဝှက်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း သိမ်းဆည်းရမိခဲ့ပြီး အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများပိုင်ရှင် စောလင်းထိန်(ခ)ကျော်ကျော်အား စက်တင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် မြဝတီမြို့ စိမ်းလဲ့မြိုင် အဝေးပြေးကားဝင်းတွင် Toyota Ipsum ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဇီဝိတဒါနသွေးလှူဒါန်း

မူဆယ် စက်တင်ဘာ ၁၈

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဇီဝိတဒါနသွေးလှူဒါန်းမှုကို ယနေ့ နံနက် ၁၀ နာရီတွင် ဒုတိယအကြိမ်မြောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ ဇီဝိတဒါနသွေးလှူဒါန်းရာတွင် သြဂုတ် ၁၆ ရက်က တပ်ဖွဲ့ဝင်၂၅ ဦးဖြင့် ပထမအကြိမ် သွေးလှူဒါန်းခဲ့ပြီး မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး လှိုင်ကျော်မြင့် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၈ ဦး၊ မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးဇော် ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင် ၁၁ ဦးနှင့် အမှတ်(၁၂၅) ယာဉ်ထိန်း ရဲတပ်ဖွဲ့စု ဒုတိယရဲမှူးကျော်ဇင်လတ် အပါအဝင် တပ်ဖွဲ့ဝင်လေးဦး စုစုပေါင်း တပ်ဖွဲ့ဝင် ၃၃ ဦးတို့က ဒုတိယအကြိမ်မြောက်အဖြစ် မြို့နယ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ဇီဝိတဒါနအဖြစ် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ သွေးလှူဒါန်းမှု ဆောင်ရွက်ရာနေရာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် ဒုတိယရဲမှူးတို့က လိုက်လံကြည့်ရှု အားပေးခဲ့ပြီး သွေးလှူပြီး တပ်ဖွဲ့ဝင်များအား အာဟာရဒါနအဖြစ် ကြက်ဥ၊ ငှက်ပျောသီး၊ ရေသန့်၊ အင်အားဖြည့်ငှက်သိုက်နှင့် အာဟာရဖြစ် အစားအစာများ ပေးဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြောက်ဦးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မြောက်ဦး စက်တင်ဘာ ၁၈

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ထမ္မရာဇ်ရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးဟောင်း) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး တင်ထူးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်(UNEP) အမှူဆောင်ညွှန်ကြားရေးမှူးထံမှ ပေးပို့သည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ သဝဏ်လွှာမိန့်ခွန်းဗီဒီယို ပြသခဲ့သည်။ ထို့နောက် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသူများက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြင့်စိုး(ပြန်/ဆက်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ခု၉-၉-၂၀၂၃ အင်္ဂါနေ့

MRTV HD

- ၀၆:၀၀ ပင်းကွန်းဆရာတော်တုရားကြီး၏ ပရိတ်တရားတော်(၁နှသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ငါးချဆိပ်ကမ်းမှသည်...ငါးသယ်ဓာတ ထိန်းသိမ်းရေးဆီ
- ၀၉:၄၀ Sports Diary
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဝိုင်ဆိုင်ခွင့်ဝရှိတဲ့ အချစ်နိုဂုံး'** (ဇာတ်သိမ်းပိုင်း)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်ခေတက်ဘာအက်ဆား'** (အပိုင်း-၁၁)
- ၁၄:၃၀ ပျိုးဂုဏ်တင့်ဝေဆိုကဂရုတီးအပေါ
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရုန်လွင့်ပျံ့အမုန်း'** (အပိုင်း-၂၁)
- ၁၆:၀၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၆:၂၀ 'Success Story' (DAYANG သုံးတီး)
- ၁၆:၃၅ 'ဂရစ်ဂ်ကာကွယ်ရေးမည့်အရိုးပါး၊ အရိုးပွေရောဂါ၊အကြောင်းသိကောင်းစရာများ'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်ခေတက်ဘာအက်ဆား'** (အပိုင်း-၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေပြာစတီရီယိုတေးကဗျာ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဝေနှင်ထာဝရီး'** (အပိုင်း-၁၉)
- ၂၂:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ငပြောင်းလဲနိုင်ဘော အချိန်စက်ဝန်း'** (အပိုင်း-၂၇)

mtv

- 07:02 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
- 07:10 Products of Myanmar - Pottery Business
- 07:27 Ywar Thit's Monhinkhar
- 07:42 Diamond Lady
- 08:01 News
- 08:26 Tour Around in Myeik Archipelago (Epi-3) Taung Pan Gyi and Lay Islands
- 08:40 History Of Wishfulfilling Mai-Lamu Pagoda
- 09:01 A Special Moment with A Man of Versatility (Epi-1) Spiritual & Yoga Life
- 09:35 Myanmar Puppeteers (Duet Dance)
- 09:46 Kyaw Min Thu (Winner) Lose2Win With Andy
- 10:01 News
- 10:27 Fine Arts Podium (Conch Shell Wind Instrument)
- 10:42 Thilawa SEZ (Thriving Model Special Economic Zone)

MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** သွားလည်ကြွယည်ဇင်းကျိုက်ရေတံခွန်ဆီ
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** ရခိုင်ဘာသာစကားပြောကြားရေအောင်
- **ဗွမ်း (၁၀:၀၀ မှ ၁၂:၀၀)** သဘာဝကျောက်စက်ပန်းဆွဲများရှိရာ၀ကံဘာလှိုက်ဂူ
- **၀ (၁၂:၀၀ မှ ၁၄:၀၀)** လူငယ်နှင့်လူပတ်ဝန်းကျင်
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ဖိုင်ဝါးရိုးရာ၀တ်စားဆင်ယင်ပုံ
- **ကယား (၁۶:၀၀ မှ ၁၈:၀၀)** ကယားအမျိုးသားတို့၏အဲ့ဒိုင်ပေါ်ပီအကာအကြောင်း
- **၀ကကရင် (၁۸:၀၀ မှ ၁၉:၀၀)** ပဲခူးအနောက်ဘက်ဒေသ၏ကရင်ရိုးရာရက်ကန်း ရက်လုပ်ခြင်း
- **အရောက်ပြီးကရင် (၁၉:၀၀ မှ ၂၀:၀၀)** သာယာလှပသင်ပြူကျွန်းအလှ
- **အရှေ့ပြီးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ရိုးရာအိမ်ချက်ဟင်းတစ်ခွက်
- **ချင်း (လိုင်ဒီး) (၂၁:၀၀ မှ ၂၂:၀၀)** ချင်းဘာသာစကားပြောကြားရေအောင်
- **ချင်း (ချီး) (၂၂:၀၀ မှ ၂၃:၀၀)** သူတို့ရဲ့ဒုတိယရင်ခွင်

MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၃၀ အားကစားသတင်း
- ၀၈:၃၅ ECONOMIC REVIEW (Part-50)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၃၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၈:၃၅ Save Our Planet Program
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၂:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- ၀၆:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအခြေခြေဇာတ်လမ်းတို **'လှခြင်းအတူတူ'**
- ၁၀:၀၀ ပြည်ထောင်စုဌေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၁)
- ၁၁:၀၀ နိုင်ငံတကာဌေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၀)

MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၅ သဘာဝတောတောင်စီမံခန့်ခွဲခြင်းသင်ထားသော 'ပုပ္ပါးတောင်ဘေးရှာ'
- ၀၆:၂၅ တောင်သူလယ်သမားဘဝဖွံ့ဖြိုးမှု တစ်နှစ်သုံးသီးစိုက်ကြစို့ (ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်း)
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၀:၀၀ The Young Urban Farmers Growing Tomorrow's Superfoods
- ၁၀:၃၀ Modern Agriculture Machines That Are At Another Level #5
- ၂၂:၀၀ လူတောသားနဲ့ယောကျ္ဍမလောင်း(ဇာတ်လမ်း) အိရိုက်တာ-ဇော်မြင့်ဦး၊ သရုပ်ဆောင်-ဝန်ဧည်သူ၊ အိုးချောမို၊ ကျော်ကျော်

MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၇:၃၀ Football Highlight
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁۸:၀၀ အားကစားသတင်း
- ၁۹:၃၀ ဘောလုံးအခြေခံအားကစားနည်းစနစ်များ

MRTV Application — Android, iOS, Huawei

Education Channel ကို ဇွေးဘဉ် ၄နာရီ (၉:၀၀)နာရီမှ တစ်ကြိမ်မျှမဲ (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

Grade -9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

တိုက်ကြီး စက်တင်ဘာ ၁၈

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (တိုက်ကြီး)၌ ယနေ့နံနက် ၉ နာရီက အခြေခံပညာ အလယ်တန်း Grade –9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့် အလမ်းများဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး စိုးမိုးကျော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦးက အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြား၍ အင်းစိန် (ရွာမ)နည်းပညာစက်မှု ကျောင်းအုပ်ကြီး ဦးဇေယျာအောင်က စက်မှုနည်းပညာဆိုင်ရာ အကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးစိုးနိုင်က စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ အကြောင်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးအရာရှိ ဒေါက်တာချမ်းမြေ့ကျော်က မွေးမြူရေးအတတ်ပညာဆိုင်ရာ အကြောင်းတို့ကို အသိပညာပေး ဟောပြောသည်။

အလားတူ မွန်းလွဲ ၁ နာရီတွင် အခြေခံပညာ အထက်တန်းကျောင်း(မြို့မ)၌ အခြေခံပညာ အလယ်တန်း Grade –9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။ **ဥာဏ်ဟိန်း**

ဧီးကုန်းမြို့နယ်(အထက- လေးမျက်နှာ)၌ လူငယ်စကားဝိုင်း ကျင်းပ

ဧီးကုန်း စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဧီးကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက လေးမျက်နှာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(လေးမျက်နှာ)တွင် ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးရဲထွဋ်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်မာမာဦးက လူငယ်စကားဝိုင်းများ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ကြသည်။

ပါဝင်ဆွေးနွေး

အဆိုပါ လူငယ်စကားဝိုင်း ဆွေးနွေးပွဲ၌ Grade–11 မှ မောင်သန့်ဇင်အောင်က "လူငယ်နှင့် ဂိမ်းစွဲလမ်းမှုပြဿနာ"၊ မောင်ကျော်သူဝင်းက "လူငယ်နှင့် စည်းကမ်း"၊ မနန်းသီတာထွန်းက "လူငယ်နှင့် မျိုးချစ်စိတ်"၊ GRADE–10 မှ မောင်အောင်မြင့်မြတ်က "လူငယ်နှင့်အားကစား"၊ မခိုင်ဝါလင်းက "လူငယ်နှင့် စာပေ"၊ မနှင်းအိအိအောင်က "လူငယ်နှင့် မူးယစ်ဆေး"ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြသည်။ **မြို့နယ်(ပြန်/ဆက်)**

လှည်းကူးမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

လှည်းကူး စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်း(အင်းတိုင်)တို့ ပူးပေါင်းကျင်းပသော အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျောင်းဌေစံပယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်မင်းညွှန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍အသိပညာပေးဟောပြောပွဲကို စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်မင်းညွှန့်က စိတ်ကူးယဉ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ဦးရန်နိုင်ဦး(ခ)ချစ်သဲဖြူ (ကေ၃ကရိတ်)က လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ အသိပညာပေးဟောပြောခဲ့ပြီး ကျပန်းစကားပြောပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ငါးဦးတို့က

မူးယစ်ရန်စွယ် တို့ကာကွယ်၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်စို့၊ ပညာရဲရင့် ပွဲလယ်တင့်၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသ၊ စာအုပ်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား မြန်မာနိုင်ငံအားကစားမီဒီယာအဖွဲ့ချုပ် ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ကျင်းပမည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ဦးစွာမြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များက ရန်ကုန်မြို့ အင်းယားကန်တွင် စခန်းသွင်းလေ့ကျင့်နေသည့် လှေလှော်အားကစားသမားများ၊ ရန်ကုန်မြို့ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ ဝူရှူးလေ့ကျင့်ရေးခန်းမ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

အဆိုပါ (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု လှေလှော်အားကစားအဖွဲ့သည် ၁၀ တက်လှော်အမျိုးသား အမျိုးသမီး၊ မီတာ ၂၀၀၊ ၅၀၀၊ ၁၀၀၀ အားကစားနည်း ခြောက်မျိုးဖြစ်ပြီး ဝူရှူးပြိုင်ပွဲတွင် အမျိုးသမီးအားကစားသမား

များက ချန်းစု+ကျန့်စုပြိုင်ပွဲ၊ နန်းချမ်+နန်းသောင်းပြိုင်ပွဲနှင့် ထိုက်ချိုချမ်+ထိုက်ချိကျန့်ပြိုင်ပွဲများ၊ အမျိုးသားတွင် ထိုက်ချိုချမ်+ထိုက်ချိကျန့်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ အမျိုးသား အမျိုးသမီးဘောလုံး၊ လှေလှော်၊ ဝူရှူး၊ မြားပစ်၊ E–Sports၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို အားကစားနည်းများ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဗလစိုး**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထို့ကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Honey Kyaw Thet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် သထုံမြို့နယ် သိမ်ကုန်းရပ်ကွက်နေ မဟန်နီကျော်သက်အား ညနေ ၄ နာရီ ၅ မိနစ်တွင် သထုံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

"မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၄) (ရခိုင်ပြည်နယ်အစိုးရအဖွဲ့)

မြင့်စိုး(နတလ)

မိုခါအလွန် ရခိုင်ဒေသ

ယနေ့ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၀ ရက်၊ နောက် လေးရက်ဆိုလျှင် ရခိုင်ပြည်နယ်အတွင်းသို့ "မိုခါ" မုန်တိုင်းဝင်ရောက်တိုက်ခတ်သည့် အချိန်ကာလ လေးလပြည့်ခဲ့ပြီ။ မုန်တိုင်းဒဏ်သင့် မေလ ၁၄ ရက်နေ့မှ ယနေ့အချိန်အထိ ကာလတစ်လျှောက်လုံး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှု၊ အနီးကပ်ကြီးကြပ်ကွပ်ကဲနေသော ပြည်ထောင်စုဝန်ကြီးများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကဏ္ဍအလိုက် ပူးပေါင်းကူညီဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြိုတင်မြော်တွေး စီစဉ်ဆောင်ရွက်မှုများနှင့် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်မှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုကို အနည်းဆုံးကိန်းဂဏန်းများဖြစ်အောင် လျှော့ချတုံ့ပြန်နိုင်ခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံတော်တော်များများက မျှော်မှန်းထားသလောက်၊ ထင်သလောက် မဖြစ်ပွားအောင် တားဆီးကာကွယ်နိုင်ခဲ့သည်။ မိုင် ၁၀၀ ကျော် လေတိုက်နှုန်းပြင်းအားက မကြီးမား၍မဟုတ်၊ ကွပ်ကဲကြပ်မတ်သူများ၏ အမြော်အမြင်ကြီးမားမှု၊ ကြိုတင်စုဖွဲ့ စီမံဆောင်ရွက်နိုင်မှု၊ အဖွဲ့အစည်းအဆင့်ဆင့်၏ အမိန့်နာခံတတ်မှု၊ အရေးကြီးလျှင် သွေးနီးတတ်သော မြန်မာ့စိတ်ဓာတ်၊ စိတ်ရင်းစိတ်ထားတို့ကြောင့် "မိုခါ" သည် ရခိုင်ဒေသကို ဦးညွှတ်ထွက်ခွာသွားခဲ့သည်။

"မိုခါ" အလွန်ကာလတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လျင်မြန်သွက်လက်စွာ ဆောင်ရွက်ခဲ့ကြပြီးနောက် ရခိုင်ဒေသသည် မူလအခြေအနေနီးပါးသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုမူ အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပေးနေဆဲဖြစ်သည်။ မုန်တိုင်းသင့် ရခိုင်ပြည်နယ်သို့ အစောဆုံးရောက်သည့် အထဲတွင် မပါဝင်သော်လည်း နောက်အကျဆုံးပြန်ခဲ့သူများမှာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက စာရေးသူ ကျွန်တော်တို့ဖြစ်ပါသည်။ ဇူလိုင်လ ၃၁ ရက်နေ့တွင် စစ်တွေမြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြ၏။ မပြန်ခင်လေးမှာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ဦးဆောင်၍ ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသော မိုခါမုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေး၊ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲတွင် ကျွန်တော်တို့သုံးဦးစလုံး ပါဝင်ဆင်နွှဲခဲ့ကြသေးသည်။ ဌာနဆိုင်ရာဝန်ထမ်းများ (သက်ကြီးဝန်ထမ်းများ)နှင့် စစ်တွေတက္ကသိုလ်က သမီးပျိုလေးများအသင်းတို့ ကစားခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆုများချီးမြှင့်ခဲ့သည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် တာဝန်ရှိသူများ စစ်တွေညစျေးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကျင်းပ

မကြာမီ နေပြည်တော်၌ ကျင်းပပြုလုပ်တော့မည့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဘာသာရပ်အလိုက် အဆင့်မီစွာဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်ပွဲများ ရယူနိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း ခရိုင်အဆင့်ပြိုင်ပွဲများကို စက်တင်ဘာလ ၅ ရက်နေ့တွင် စတင်ဖွင့်လှစ် ယှဉ်ပြိုင်ခဲ့ကြသည်။ မောင်တောခရိုင်၊ တောင်ကုတ်ခရိုင်၊ ကျောက်ဖြူခရိုင်၊ အမ်းခရိုင်၊ စစ်တွေခရိုင်၊ မြောက်ဦးခရိုင်နှင့် သံတွဲခရိုင်တို့တွင် သက်ဆိုင်ရာတာဝန်ရှိသူများက တစ်ပြိုင်တည်းဖွင့်လှစ်ပေးခဲ့သည်။

လူငယ်ကဏ္ဍမြှင့်တင်ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်ထဲက လူမှုရေး ဦးတည်ချက် (၃) ရပ်သည် နိုင်ငံတော်၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ မြင့်မားတိုးတက်လာစေရေး၊ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗဟုလါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးတို့အတွက် ဦးတည်ချက်များ ချမှတ်ကျင့်သုံးနေခြင်းဖြစ်ပါသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စစ်တွေတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို စက်တင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းက စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီးနောက် စစ်တွေခရိုင်ပြန်/ဆက်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်း၊ စစ်တွေတက္ကသိုလ် အရှေ့တိုင်းပညာဌာနမှ နည်းပြဒေါ်မေဘုတို့ ဦးဆောင်၍ ဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့်လောကနီတိခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။ လူငယ်စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများနှင့်လည်း အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းနှင့် အကဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။ ဤမြင်ကွင်း၊ ဤလှုပ်ရှားမှုများသည် မိုခါမုန်တိုင်း အလွန်ကာလ ရခိုင်ပြည်နယ်၏ လန်းဆန်းတက်ကြွသော၊ လင်းလက်တောက်ပသော၊ စဉ်ဆက်မပြတ် ရှင်သန်လှုပ်ရှားနေသော ပုံရိပ်များအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

စစ်တွေညစျေး ဖွင့်လှစ်ပြီ

သည်တစ်ခါမှာတော့ဖြင့် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ထူးခြားသော စွမ်းဆောင်မှုတစ်ခု ပေါ်ထွက်လာခဲ့သည်။ စစ်တွေမှာ ညစျေးဖွင့်လှစ်လိုက်ပြီ.....တဲ့။ စက်တင်ဘာလ ၉ ရက်နေ့ ညနေပိုင်းက စစ်တွေမြို့ ကမ်းနားလမ်းနှင့် အကောက်ရုံလမ်းဆုံ၊ သံပုရာသီးခွဆုံနေရာ၌ ညစျေးဖွင့်ပွဲအခမ်းအနားပြုလုပ်ခဲ့ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တပျော်တပါးတက်ရောက်ကြပါသည်။ ၎င်းညစျေးတန်းတွင် အစားအသောက်ဆိုင်ခန်း ၂၀၊ မုန့်ပဲသရေစာဆိုင်ခန်း ၃၃ ခန်း၊ လူသုံးကုန်ပစ္စည်းဆိုင်ခန်း ၂၄ ခန်း၊ အထွေထွေပစ္စည်းဆိုင်ခန်း ၁၀ ခန်း စုစုပေါင်း ၈၇ ခန်းဖြင့် စတင်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ယခုထက်ပိုမို၍စည်ကားများပြားလာပါက နေရာတိုးချဲ့စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ညစျေးဖွင့်လှစ်သည့် ရည်ရွယ်ချက်လည်း ကောင်းပါသည်။ စစ်တွေမြို့တွင်း အဓိကလမ်းများ၌ အလျှဉ်းသင့်သလို စျေးဆိုင်များ တည်ဆောက်၍ ရောင်းချနေကြသူများ၊ လမ်းဘေးစျေးရောင်းသူများ၏ စားဝတ်နေရေးအဆင်ပြေစေရန်၊ မြို့သန့်ရှင်းသာယာလှပမှုကို မထိခိုက်စေရန်၊ ပြည်သူလူထု စိတ်အပန်းပြေစွာဖြင့် ဝယ်ယူအားပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် ရခိုင်ပြည်နယ် စစ်တွေမြို့သည်လည်း အခြားပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးက မြို့ကြီးများနည်းတူ ရင်ပေါင်တန်း လုပ်ဆောင်နိုင်စွမ်းရှိကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။ မိုခါမုန်တိုင်းသင့် ရခိုင်ဒေသမှာ ယခုကဲ့သို့ ညစျေးဖွင့်လှစ်ခြင်း၊ လူငယ်စကားဝိုင်းများ၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများ၊ ဘောလုံးပြိုင်ပွဲများနှင့် ဖူဆယ်ပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်ခြင်းသည် ရခိုင်ပြည်နယ်သူပြည်နယ်သားတို့၏ စိတ်ဓာတ်ခွန်အား ပြန်လည်မြင့်မားလာမှုကို မီးမောင်းထိုးပြလျက်ရှိသည်။ အချိန်ကာလ လေးလတာအတွင်း ယခုလိုကျော်ဖြတ်နိုင်ဖို့ရာမှာ လွယ်ကူလှသည်တော့မဟုတ်ချေ။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မိုခါမုန်တိုင်းအပေါ် ရင်ဆိုင်တုံ့ပြန်ဆောင်ရွက်ခဲ့မှုများကို အောက်ပါအတိုင်း ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်လေ့လာသိရှိခဲ့ရပါသည်။

ကြိုတင်အမိန့်များ ထုတ်ပြန်အသိပေး

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အတိုင်း မုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ်သတင်းများကို ၇၂ နာရီအတွင်း ကြိုတင်ရရှိချိန်တွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ၄၈ နာရီ ကြိုတင်ရရှိချိန်၊ ၁၂ နာရီ ကြိုတင်ရရှိချိန်များတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ခရိုင် ခုနစ်ခုဖြစ်သည့် စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နှင့် အမ်းခရိုင်တို့သို့ ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့ကတည်းက ထုတ်ပြန်ပေးခဲ့ကြောင်း တွေ့ရသည်။ မိုခါမုန်တိုင်းမဝင်ရောက်မီ ၁၀ ရက်အလိုကတည်းကဖြစ်၏။ ဒေသအလိုက် မုန်တိုင်းသတင်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးရန်၊ ဆက်သွယ်မှုမပြတ်တောက်စေရေး ကြိုတင်စီမံဆောင်ရွက်ရန်၊ ဇာတ်တိုက်လေ့ကျင့်မှုများ ကြိုတင်ပြုလုပ်ကြရန်၊ အရန် ရေ၊ ရိက္ခာ၊ ဆေးဝါးများ စုဆောင်းထားရှိရန်၊ အရေးကြီးစာရွက်စာတမ်းများ၊ ပစ္စည်းများ ရွှေ့ပြောင်းသိမ်းဆည်းရန်၊ အရေးပေါ်စုရုပ်နေရာများ သတ်မှတ်ထားရန်၊

စာမျက်နှာ ၁၇ သို့ ❖

လူငယ်ကဏ္ဍမြှင့်တင်ရေးအတွက် ရည်ရွယ်ကျင်းပခဲ့သော စစ်တွေတက္ကသိုလ် လူငယ်စကားဝိုင်း။

တောင်ကုတ်ခရိုင် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအခမ်းအနား ဖွင့်လှစ်စဉ်။

❖ **စာမျက်နှာ ၁၆ မှ**

လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေရေး ကြိုတင်ဆောင်ရွက်ကြရန် စသည်တို့ ပါဝင်သည်။ ၎င်းပြင် မုန်တိုင်းဝင်ရောက်တိုက်ခတ်ဖြတ်သန်းချိန်၌ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လည်း ကြိုတင်ဖြန့်ဝေပေးပို့ထားကြောင်း တွေ့ရသည်။ ကြိုတင်ထုတ်ပြန်ချက်များထဲတွင် ဒေသတွင်းငါးဖမ်းလေ့များအားလုံး ပင်လယ်ပြင်သို့ ရက်ရှည်သွားလာမှုကို မေလ ၆ ရက်နေ့မှစ၍ ခွင့်မပြုရန်၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ချိန်တွင် အသုံးပြုရန်အတွက် ခရိုင်အလိုက် ဖိုင်ဘာလေ့များ ခွဲဝေထားရှိရန်၊ ခရိုင်အလိုက် တင်ပြထားသည့် ကယ်ဆယ်ရေးပစ္စည်း လိုအပ်ချက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ တင်ပြရန်၊ ဆေးရုံ၊ ဆေးခန်းများတွင် ကလိုရင်းဆေးရည်မှအစ လိုအပ်သော ဆေးဝါးများ ကြိုတင်စုဆောင်းထားရှိရန်၊ မုန်တိုင်းကျရောက်နိုင်သော ဒေသအားလုံးတွင် အရေးပေါ်စားသုံးနိုင်ရန်အတွက် Ready Made Food များ စီစဉ်ထားရှိရန်၊ ပြည်နယ်အတွင်း SSB ဆက်သွယ်ရေးစက်များ အသုံးပြုနိုင်ရန်အတွက် အနောက်ပိုင်း ရေတပ်ကွပ်ကဲမှု ဌာနချုပ်နှင့် ဆက်သွယ်၍ စစ်ဆေးပြင်ဆင်ထားရန်တို့ ပါဝင်သည်။

ခရိုင်အလိုက်ကြိုတင်စီမံဆောင်ရွက်မှုများ ပြုလုပ်သကဲ့သို့ မေလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ စစ်တွေ၊ ပေါက်တော၊ ကျောက်ဖြူဒေသတို့ရှိ IDP စခန်းများသို့ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေး၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးမှုများ ပြုလုပ်ခဲ့ကြသည်။ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများကို ဦးစားပေးရွှေ့ပြောင်းပြီး ကျန်သူများကို ပါ အသုတ်လိုက် ပြောင်းရွှေ့ပေးခဲ့ရာ IDP စခန်း ၁၇ ခုမှ ရွှေ့ပြောင်းရန် လိုအပ်သောလူဦးရေ ၆၃၃၀၂ ဦးကို ဘေးလွတ်ရာ နေရာဒေသများသို့ ရွှေ့ပြောင်းပေးခဲ့ကြသည်။ မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးချိန်မှာလည်း ထိုနေရာများအတွက် ရိက္ခာနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးခဲ့ပါသည်။

Command Post များ ဖွဲ့စည်းထားရှိ

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ် ကူညီကယ်ဆယ်ရေး၊ သတင်းထုတ်ပြန်ရေး၊ အချက်အလက်များ တိကျစွာ စုဆောင်းနိုင်ရေးနှင့် သဘာဝဘေး ဒဏ်ခံပြည်သူများ ပြန်လည်နေရာချထားနိုင်ရေးအတွက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် မေလ ၅ ရက်နေ့တွင် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရေးပေါ် Command Post အဖွဲ့ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရအား ဥက္ကဋ္ဌ တာဝန်ပေး၍ အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ၎င်းပြင် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာရုံးအဖွဲ့များကိုလည်း တစ်ပါတည်းဖွဲ့စည်းပေးကာ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခဲ့သည်။

အလားတူ ခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရေးပေါ် Command Post များကိုလည်း မေလ ၇ ရက်နေ့တွင် အပြီးဖွဲ့စည်းထားရှိရေး ညွှန်ကြားဆောင်ရွက်ခဲ့သည်။ ခရိုင်၊ မြို့နယ်များအလိုက် လုံခြုံရေးလုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ကနဦးလိုအပ်ချက်များ စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုများ အတည်ပြုရေး၊ လိုအပ်ချက်များ စိစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ ရာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများကိုလည်း ကြိုတင်ဖွဲ့စည်းကာ လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ကြသည်။

မုန်တိုင်းမဝင်ရောက်မီ တစ်ရက်အလို

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော၊ အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) သည် မြောက်-အရှေ့မြောက် ဘက်သို့ ရွှေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းကို စစ်တွေမြို့အနီးမှ အားအလွန်ကောင်းသော အဆင့်ဖြင့် ဖြတ်ကျော်နိုင်သည့်အတွက် အနီရောင် အဆင့်ဟု သတ်မှတ်ကြောင်း၊ အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၀၅ မိုင်မှ ၁၁၅ မိုင်ခန့်ဖြင့် တိုက်ခတ်နိုင်ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ဒီရေမြင့်တက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု ရှောင်ရှားကြပါရန် သတိပေးချက်များအား ၂၀၂၃ ခုနှစ် မေလ ၁၃ ရက်နေ့ နံနက် ၇ နာရီအချိန်မှ စတင်ထုတ်လွှင့်ပေးနေပါသည်။

ယင်း ထုတ်ပြန်ချက်များအပေါ် အလေးထားဆ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသို့ လိုအပ်သောအမိန့်ညွှန်ကြားချက်များ ထပ်မံထုတ်ပြန်ညွှန်ကြားခဲ့သည်။ ယင်းညွှန်ကြားချက်များထဲ၌ ကမ်းပါးပြိုခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး လိုအပ်သောအင်အားနှင့် ယာဉ်/ ယန္တရားများ စုဖွဲ့ထားရှိရေး၊ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ခရိုင်နှင့် မြို့နယ်အလိုက် ကြီးကြပ်ဆောင်ရွက်ကြရေး၊ စည်ပင်သာယာရေးအဖွဲ့များသည် မြို့နယ်များအလိုက် ချိတ်ဆွဲထားသော ဆိုင်းဘုတ်များ၊ Bill Board များ ဖြုတ်သိမ်းထားကြရေး၊ ရေတွင်းရေကန်များအတွင်းသို့ ရေငန်များ ဝင်ရောက်မှုမှ တားဆီးကာကွယ်ရန် ကြိုတင်စီမံဆောင်ရွက်ထားကြရေး၊ ရေချိုများ သိုလှောင်ထားရှိရေး၊ လျှပ်စစ်အန္တရာယ် မကျရောက်စေရေးနှင့် ထရန်စဖော်မာများ ထိခိုက်ပျက်စီးမှုနည်းပါးစေရေး၊ ဆေးရုံ၊ ဆေးခန်းများကဲ့သို့ အရေးပေါ်နေရာများသို့ အရန်မီးစက်များဖြင့် မီးပေးနိုင်ရေး၊ ခရိုင်အလိုက် ဆန်အိတ်များ ကြိုတင်သိုလှောင်ရန်အတွက် နေရာစီစဉ်ထားရှိရေး၊ စက်သုံးဆီများ သုံးစွဲရန် လိုအပ်လာမည်ဖြစ်၍ ကြိုတင်စီမံဆောင်ရွက်ထားရေးတို့ကို ထုတ်ပြန်ပေးခဲ့သည်။

ယင်းထုတ်ပြန်ချက်များထဲတွင် ရခိုင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများမှ ဆရာတော်၊ သံဃာတော်၊ ကိုရင်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ မုန်တိုင်းကာလအတွင်း ဆွမ်းကွမ်း ဝေယျာဝစ္စကိစ္စများ အခက်အခဲမရှိစေရေးအတွက် ကပ္ပိယအဖွဲ့များ ကြိုတင်စုဖွဲ့ဆောင်ရွက်ထားရှိရန်၊ လိုအပ်ချက်ရှိပါက ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် သက်ဆိုင်ရာ Command Post များသို့ ဆက်သွယ်ဆောင်ရွက်ကြရန်အတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်သာသနာရေးမှူးများသို့ ညွှန်ကြားမှုများလည်း ပါဝင်ပါသည်။

> **“ စစ်တွေမှာ ညစျေးဖွင့်လှစ်လိုက်ပြီ။ ညစျေးဖွင့်လှစ်သည့်ရည်ရွယ်ချက်လည်း ကောင်းပါသည်။ စစ်တွေမြို့တွင်း အဓိကလမ်းများ၌ အလျှင်းသင့်သလို စျေးဆိုင်များ တည်ဆောက်၍ ရောင်းချနေကြသူများ၊ လမ်းဘေးစျေးရောင်းသူများ၏ စားဝတ်နေရေးအဆင်ပြေစေရန်၊ မြို့သန့်ရှင်းသာယာလှပမှုကို မထိခိုက်စေရန်၊ ပြည်သူလူထု စိတ်အပန်းပြေစွာဖြင့် ဝယ်ယူအားပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် ရခိုင်ပြည်နယ် စစ်တွေမြို့သည်လည်း အခြားပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးက မြို့ကြီးများနည်းတူ ရင်ပေါင်တန်းလုပ်ဆောင်နိုင်စွမ်းရှိကြောင်း ပြသလိုက်ခြင်းပင်ဖြစ် ”**

အခြေခံစားသောက်ကုန်စျေးနှုန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြိုတင်မြော်တွေး၍ ဆောင်ရွက်ခဲ့သော လုပ်ငန်းများထဲတွင် အခြေခံစားသောက်ကုန်များ ထိန်းသိမ်းကြီးကြပ်ရေးလုပ်ငန်း တစ်ခုလည်း အပါအဝင်ဖြစ်သည်။ မုန်တိုင်းကို အကြောင်းပြု၍ အခြေခံစားသောက်ကုန်စျေးနှုန်းများ တိုးမြင့်ရောင်းချခြင်း မပြုလုပ်စေရေး၊ စားသုံးဆီ အပါအဝင် အစားအသောက်များကို ရောနှောရောင်းချခြင်း၊ သက်တမ်းလွန်ပစ္စည်းများကို ရောင်းချခြင်း၊ ကုန်စျေးနှုန်း ကြီးမြင့်စေရန် စျေးကွက်ကို ချုပ်ကိုင်ထားခြင်းများ မပြုလုပ်နိုင်စေရန်အတွက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော ရခိုင်ပြည်နယ် အခြေခံစားသောက်ကုန် စျေးနှုန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီကို အဖွဲ့ဝင် ခုနစ်ဦးဖြင့် ကြိုတင်ဖွဲ့စည်းကြပ်မတ်ဆောင်ရွက်ခဲ့ပါသည်။

မိုခါကိုရင်ဆိုင်၍ အနိုင်ယူခဲ့သည်

မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ မိုခါသည် လေတိုက်နှုန်း ၁ နာရီ မိုင် ၁၂၀ ခန့်ဖြင့် ရခိုင်ကမ်းရိုးတန်းဒေသ စစ်တွေမြို့အနီးမှ ဖြတ်သန်းဝင်ရောက်တိုက်ခတ်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ ကူညီကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရသည်။ ပြန်လည်ထူထောင်ရေး၊ ထောက်ပံ့ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထပ်မံရောက်ရှိလာပြီး မုန်တိုင်းသင့်ဒေသများသို့ လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအနေဖြင့် မိမိတို့၏ ဝန်ကြီးဌာနနှင့် လုပ်ငန်းတာဝန်များ အလိုက် ရခိုင်ပြည်နယ်၌ လာရောက်တာဝန်ထမ်းဆောင်ခဲ့မှုများကို ကျွန်တော် ရေးသားတင်ပြခဲ့ပြီးဖြစ်ပါသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ဝန်ကြီးချုပ်ဦးထိန်လင်း ဦးဆောင်၍ မေလ ၁၄ ရက်နေ့မှ ယနေ့အချိန်ထိ မုန်တိုင်းသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အောက်ဖော်ပြပါကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည် -

(က) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်သူဇော် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေသော ကယ်ဆယ်ရေးပစ္စည်းများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးဦးစီးကော်မတီ

(ခ) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ ဥက္ကဋ္ဌ၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထွန်းမြင့် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော စားရေရိက္ခာများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ

(ဂ) ပြည်နယ်စီးပွားရေး ဝန်ကြီး ဦးစံရွှေမောင် ဥက္ကဋ္ဌ၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်ညွန့် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော စက်ယာဉ်ယန္တရားများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ

(ဃ) ပြည်နယ်သယံဇာတဝန်ကြီး ဦးသန်းထွန်း ဥက္ကဋ္ဌ၊ ရေနံထွက်ပစ္စည်းကြီးကြပ်ရေးဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးသက်ထွန်း အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော စက်သုံးဆီနှင့် အထွေထွေ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ

(င) ပြည်နယ်လူမှုရေး ဝန်ကြီး ဦးအောင်မျိုး ဥက္ကဋ္ဌ (ယခုလူမှုရေးဝန်ကြီးမှာ ဦးစောနိုင်ဖြစ်ပါသည်)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာကြည်လွင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သော ကျန်းမာရေးပစ္စည်းများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ

(စ) ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးသက်လွင် ဥက္ကဋ္ဌ၊ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သော တည်ဆောက်ရေးပစ္စည်းများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ

(ဆ) ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း ဥက္ကဋ္ဌ၊ ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်ဟိုးလှိုင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သော အလှူငွေများ လက်ခံထိန်းသိမ်းထုတ်ပေးရေးလုပ်ငန်းကော်မတီ

မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များဟူသော ခေါင်းစဉ်ဖြင့် ကျွန်တော်ရေးသားတင်ပြလာခဲ့ရာ ယခုအမှတ်စဉ် (၁၄) ဖြစ်သော ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များဖြင့် နိဂုံးကမ္ဘတ် အဆုံးသတ်လိုက်ပါပြီ။ ယခင် နတလဝန်ထမ်းဘဝဖြင့် တစ်သွယ်၊ ယခုမိုခါကို အကြောင်းပြု၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအနေဖြင့် စုစုပေါင်း ၄၂ ရက် သွားရောက်တာဝန်ထမ်းဆောင်ခဲ့မှုကတစ်မျိုး။ မည်သို့ဆိုစေ ရခိုင်ဒေသအပေါ် ပိုရ်ိသံယောဇဉ်တိုးသွားမိသည်ကတော့ အမှန်ပင်ဖြစ်၏။ နေပြည်တော်မှာ ဘာအားကစားပဲ လာပြိုင်ပြိုင် ရခိုင်ပြည်နယ်အသင်းကို အားပေးပါဦးမည်။ ရခိုင်ပြည်နယ်၊ ရခိုင်တိုင်းရင်းသား၊ ရခိုင်ရိုးရာယဉ်ကျေးမှုနှင့် ပတ်သက်သော ဆောင်းပါးများလည်း ဆက်၍ရေးသားပါဦးမည်။ သာလီစွပါ အမျိုးတို့။ ။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အမျိုးသားဖုန်ဆယ်ပြိုင်ပွဲဆုရအသင်းအား ဂုဏ်ပြုဆုဖလား ချီးမြှင့်ပေးအပ်စဉ်။



ပခုက္ကူကုန်စည်ဒိုင်၌ ပဲသီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိ

ပခုက္ကူ စက်တင်ဘာ ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အညာဒေသတွင် ပဲစင်းငုံ(နီ)၊ ကုလားပဲအမျိုးမျိုး၊ ပဲကြီး၊ ပဲယင်း၊ ပဲနီပြား၊ ပဲလွန်းပြာ၊ စွန်တာနီ စသည့် ပဲများအပြင် အခြားပဲမျိုးများကိုလည်း စိုက်ပျိုးလျက်ရှိရာ အညာဒေသ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ပဲစင်းငုံ(နီ)မှာ စျေးကောင်းရနေကြောင်း ပခုက္ကူကုန်စည်ဒိုင်မှ သိရသည်။

ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်သည့် ပဲစင်းငုံ(နီ) စျေးနှုန်းများအနေဖြင့် သြဂုတ်လ (နောက်ဆုံးပတ်)တွင် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ကျပ် ၁၀၉၅၀၀-၁၁၁၄၀၀၊ စက်တင်ဘာလ (ပထမပတ်) တွင် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ကျပ် ၁၂၃၀၀၀-၁၂၄၀၀၀ စျေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ပခုက္ကူကုန်စည်ဒိုင်၌ စက်တင်ဘာလ (ပထမပတ်)တွင် ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၆၁၀၀၀၊ ပဲလွန်းပြာတစ်တင်းလျှင် ကျပ် ၆၁၀၀၀၊ နှမ်းဝါတစ်တင်းလျှင် ကျပ် ၁၁၅၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၁၀၅၀၀၀ စျေးနှုန်းဖြင့် ဥပုသ်နေ့မှလွဲ၍ ကျန်ရက်များတွင် အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စည်ဒိုင်မှ သိရသည်။ စက်တင်ဘာလ (ပထမပတ်) အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် အိတ်အရေအတွက် အနေဖြင့် ပဲစင်းငုံ(နီ) အိတ် ၂၅၀၀၊ ပဲတီစိမ်းသေး အိတ် ၇၅၀၊ နှမ်းဝါ အိတ် ၅၀၀၊ နှမ်းညို အိတ် ၇၀၀ စသည်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တင်ပို့မှုအနေဖြင့် မြန်မာပြည်အောက်ပိုင်းနှင့် ပြည်ပနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် တရုတ်သို့ တင်ပို့နိုင်ခဲ့ကြောင်း ကုန်သည်များထံမှ သိရသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

တာချီလိတ် စက်တင်ဘာ ၁၈

တာချီလိတ် ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ကြက်သွန်ဖြူ ၁၂၄ ဒသမ ၅ တန်၊ ကြက်သွန်နီ တန် ၈၀၊ ရော်ဘာစေး တန် ၁၄၀၊ ကော်ဖီစေ့ ၁၇ တန်၊ ဆေးရွက်ကြီး ၄၄ တန် တင်ပို့နိုင်ခဲ့သည်။ ယခုတစ်ပတ်တွင် ဆေးရွက်ကြီး ၄၄ တန်ကို တာချီလိတ်ကုန်သွယ်ရေးစခန်း၌ ပို့ကုန်ကြေညာလွှာ (ED) ဖွင့်လှစ်၍ ကျိုင်းလပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်သည်။

တာချီလိတ် ကုန်သွယ်ရေးစခန်းအနေဖြင့် စက်သုံးဆီ၊ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အဓိကတင်သွင်းလျက်ရှိရာ ယခုအပတ်တွင် ဓာတ်ဆီ သုံးသည် ဒသမ ၄၅၄ ဒေါ်လာသန်း၊ ဒီဇယ် သုံးသည် ဒသမ ၂၈၆ ဒေါ်လာသန်း၊ ဘိလပ်မြေ သုံးသည် ဒသမ ၂၈၀ ဒေါ်လာသန်း၊ စက်နှင့်စက်ပစ္စည်းများ သုံးသည် ဒသမ ၀၅၃ ဒေါ်လာသန်း၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ သုံးသည် ဒသမ ၁၁၃ ဒေါ်လာသန်း၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ သုံးသည် ဒသမ ၀၇၀ ဒေါ်လာသန်း၊ ဖန်ဆောက်လုပ်ရေးပစ္စည်းများ သုံးသည် ဒသမ ၀၀၃ ဒေါ်လာသန်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ သုံးသည် ဒသမ ၀၂၆ ဒေါ်လာသန်း၊ သုတ်ဆေး/ပေါ်လစ်များ သုံးသည် ဒသမ ၀၁၁ ဒေါ်လာသန်း၊ တာယာနှင့်ကျွတ်များ သုံးသည် ဒသမ ၀၃၃ ဒေါ်လာသန်းအပါအဝင် သွင်းကုန်တန်ဖိုး ၁ ဒသမ ၃၃၆ ဒေါ်လာသန်း တင်သွင်းခဲ့သည်။

စက်သုံးဆီစျေးနှုန်းအနေဖြင့် ဒီဇယ်ဆီ တစ်တန်လျှင် ၁၀၇၅ ဒေါ်လာ၊ ဓာတ်ဆီ တစ်တန်လျှင် ၁၁၁၀ ဒေါ်လာဖြစ်သည်။

ရွှေဘိုခရိုင်အတွင်းဖြစ်ပေါ်နေသော စပါး၊ ဆန် စျေးနှုန်းများနှင့်စီးထွက်မှု

ရွှေဘို စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ စက်တင်ဘာလ(ဒုတိယပတ်)တွင် စပါး/ဆန်စျေးနှုန်းများ အနည်းငယ်ကျဆင်းနေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ စက်တင်ဘာလ(ပထမပတ်)တွင် ရန်ကုန်သို့အိတ်ရေ ၁၇၅၀၀၊ မန္တလေးသို့အိတ်ရေ ၂၈၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀ ၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်းအိတ်ရေ ၆၁၅၀၀ (တန်အားဖြင့် ၃၀၇၅တန်) စီးထွက်ခဲ့ပြီး စက်တင်ဘာလ (ဒုတိယပတ်)တွင် ရန်ကုန်သို့အိတ်ရေ ၁၅၀၀၀၊ မန္တလေးသို့အိတ်ရေ ၁၈၁၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၅၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၅၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀ စီးထွက်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာလ (ဒုတိယပတ်) တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး၊ ဆန်စျေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ၊ ဇရာမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင်ကျပ် ၁၃၀၀၀၀၊ ရွှေဝါထွန်း(နွေစပါး) တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀ ၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

စစ်တွေ စက်တင်ဘာ ၁၈

၂၀၂၃ ခုနှစ် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန် တင်ပို့/တင်သွင်းစာရင်းများအရ စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပို့ကုန် အမေရိကန်ဒေါ်လာ သုံးသည် ဒသမ ၁၃၀၂ သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ သုံးသည် ဒသမ ၁၀၁၅ သန်းတို့ ဆောင်ရွက်နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် မန်ကျည်းစေ့ တန် ၂၈၀၊ ဆီးဖတ် ၁၉၂ တန်၊ ချင်းအစို ၁၁၆ တန်၊ အုန်းသီးခြောက် ၃၅ တန်၊ နနွင်းတက်သုံးတန်၊ ငါးမြစ်ချင်း (၂-၃) ၆ တန်၊ ငါးမြစ်ချင်း (၃ -၅) ၂ ဒသမ ၄ တန်နှင့် ဆီးယိုထုပ် ၁၂ တန်တို့ကို တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းတွင် ပလတ်စတစ်ရေလှောင်ကန် ၇၁ ဒသမ ၂ တန်နှင့် တီရုပ်အထည် ၂၀၀၀ တို့ တင်သွင်းခဲ့သည်။

၁၈- ၉-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးစျေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

စဉ်	မြို့အမည်	ဆန်(တစ်ပြည်)		ဆီ(တစ်ပိဿာ)		စားဖိုဆောင်သုံး (တစ်ပိဿာ)													အသား၊ ငါး(တစ်ပိဿာ)				
		ညွှေ့မထ	ငစိန်	ပဲဆီ	စားအုန်းဆီ	ငရုတ်ခြောက်	ကြက်သွန်နီ	ကြက်သွန်ဖြူ(ရှမ်းစ)	ကြက်သွန်ဖြူ (ကြူကုတ်)	နနွင်းတက်	ချင်း	ဆား	မြေပဲ	ကုလားပဲဝါ	မန်ကျည်းသီး	အာလူး	သကြား	ကြက်	ဝက်	အမဲ	ဆိတ်	ငါးမြစ်ချင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀	၂၁	၂၂	၂၃
၁	မြစ်ကြီးနား	၄၃၀၀		၁၂၀၀၀	၅၉၅၀	၂၃၀၀၀	၄၃၀၀	၁၂၀၀၀	၉၀၀၀	၅၀၀၀	၈၀၀၀	၁၀၀၀	၁၀၀၀၀	၇၀၀၀	၄၀၀၀	၃၃၀၀	၄၀၀၀	၁၂၀၀၀	၂၂၀၀၀	၁၈၀၀၀	၂၆၀၀၀	၁၅၀၀၀
၂	လားရှိုး	၃၅၀၀	၃၈၀၀	၁၄၀၀၀	၅၈၀၀	၂၂၀၀၀	၄၂၀၀	၉၀၀၀	၉၅၀၀	၃၀၀၀	၆၅၀၀	၁၀၀၀	၈၀၀၀	၆၅၀၀	၅၀၀၀	၃၅၀၀	၄၀၀၀	၁၃၀၀၀	၂၂၀၀၀	၂၀၀၀၀	၃၀၀၀၀	၁၄၀၀၀
၃	ကျိုင်းတုံ	၃၉၅၀		၁၆၀၀၀	၇၆၀၀	၁၉၅၀၀	၄၅၀၀	၁၁၀၀၀	၁၀၀၀၀	၄၀၀၀	၆၀၀၀	၁၀၀၀	၉၀၀၀	၆၈၀၀	၄၀၀၀	၃၂၀၀	၄၀၀၀	၁၄၀၀၀	၂၂၀၀၀	၂၄၀၀၀		၁၃၀၀၀
၄	တောင်ကြီး	၃၂၀၀	၂၇၅၀	၁၀၀၀၀	၅၆၀၀	၂၀၀၀၀	၄၀၀၀	၁၀၀၀၀	၉၅၀၀	၄၅၀၀	၆၀၀၀	၆၀၀	၉၀၀၀	၆၅၀၀	၄၅၀၀	၃၅၀၀	၃၅၀၀	၁၀၀၀၀	၂၀၀၀၀	၁၆၀၀၀	၂၆၀၀၀	၁၀၀၀၀
၅	လွိုင်ကော်	၃၈၀၀	၂၉၀၀	၁၇၀၀၀	၄၆၀၀	၂၀၀၀၀	၃၈၀၀	၁၃၀၀၀	၈၅၀၀	၅၅၀၀	၅၀၀၀	၆၀၀	၉၀၀၀	၆၈၀၀	၃၅၀၀	၃၀၀၀	၄၀၀၀	၁၅၀၀၀	၁၇၀၀၀	၁၅၀၀၀	၂၅၀၀၀	၁၂၀၀၀
၆	ဘားအံ	၂၉၀၀		၁၆၀၀၀	၄၉၀၀	၁၅၀၀၀	၃၃၀၀	၁၀၀၀၀	၈၅၀၀	၆၈၀၀	၇၀၀၀	၈၀၀	၁၀၀၀၀	၆၅၀၀	၃၀၀၀	၂၆၀၀	၃၈၀၀	၁၀၅၀၀	၁၅၀၀၀	၁၅၀၀၀	၁၈၀၀၀	၈၀၀၀
၇	မော်လမြိုင်	၂၇၅၀		၁၅၆၀၀	၅၂၀၀	၁၇၀၀၀	၃၈၀၀	၁၂၀၀၀	၁၀၀၀၀	၇၀၀၀	၇၀၀၀	၈၀၀	၁၁၀၀၀	၇၀၀၀	၅၀၀၀	၃၀၀၀	၃၈၀၀	၁၂၀၀၀	၁၈၀၀၀	၁၈၀၀၀	၃၀၀၀၀	၁၂၀၀၀
၈	ထားဝယ်	၃၈၅၀		၁၇၅၀၀	၅၆၅၀	၁၈၀၀၀	၃၈၀၀	၉၅၀၀	၁၀၀၀၀	၄၈၀၀	၆၀၀၀	၈၀၀	၇၉၀၀	၆၆၀၀	၄၀၀၀	၃၂၀၀	၄၀၀၀	၁၂၅၀၀	၁၅၀၀၀	၁၈၀၀၀	၂၄၀၀၀	
၉	မြိတ်	၃၂၀၀		၁၆၀၀၀	၅၆၅၀	၁၈၀၀၀	၃၈၀၀	၉၃၀၀	၉၀၀၀	၄၈၀၀	၈၃၀၀	၈၀၀	၁၀၅၀၀	၇၀၀၀	၃၆၀၀	၃၂၀၀	၄၂၀၀	၁၂၀၀၀	၁၄၀၀၀	၁၅၀၀၀	၂၀၀၀၀	
၁၀	ရန်ကုန်	၃၀၀၀	၂၉၀၀	၁၆၀၀၀	၄၇၀၀	၁၈၀၀၀	၃၈၀၀	၁၂၀၀၀	၉၀၀၀	၁၀၀၀၀	၈၀၀၀	၆၀၀	၇၅၀၀	၇၀၀၀	၄၀၀၀	၃၅၀၀	၄၀၀၀	၁၂၀၀၀	၁၈၀၀၀	၁၉၀၀၀	၃၀၀၀၀	၁၂၀၀၀
၁၁	ပုသိမ်	၃၀၀၀		၁၅၀၀၀	၅၁၀၀	၁၇၀၀၀	၃၄၀၀	၉၅၀၀	၈၀၀၀	၅၀၀၀	၆၀၀၀	၃၀၀	၆၉၀၀	၇၀၀၀	၄၅၀၀	၃၀၀၀	၃၇၀၀	၉၀၀၀	၁၆၀၀၀	၁၆၀၀၀	၂၅၀၀၀	၈၅၀၀
၁၂	စစ်တွေ	၃၂၀၀	၃၀၀၀	၁၆၀၀၀	၄၈၀၀	၁၈၀၀၀	၃၅၀၀	၉၅၀၀	၉၅၀၀	၆၅၀၀	၈၀၀၀	၆၀၀	၈၅၀၀	၇၀၀၀	၃၀၀၀	၃၆၀၀	၄၂၀၀	၁၆၀၀၀	၂၄၀၀၀	၂၆၀၀၀	၂၆၀၀၀	
၁၃	ဟားခါး	၆၈၅၀		၁၈၅၀၀		၄၀၀၀၀	၃၀၀၀	၈၀၀၀			၄၀၀၀	၁၂၀၀		၇၀၀၀		၄၀၀၀	၆၀၀၀	၁၈၀၀၀	၁၅၀၀၀	၁၅၀၀၀		၁၂၀၀၀
၁၄	မုံရွာ	၅၄၀၀		၁၄၀၀၀	၄၆၀၀	၁၈၀၀၀	၃၃၀၀	၉၅၀၀	၉၅၀၀	၆၀၀၀	၅၀၀၀	၈၀၀	၇၈၀၀	၇၅၀၀	၄၀၀၀	၂၇၀၀	၄၀၀၀	၁၂၀၀၀	၂၀၀၀၀	၁၇၀၀၀	၂၆၀၀၀	၈၀၀၀
၁၅	မန္တလေး	၄၂၀၀	၂၇၅၀	၁၅၀၀၀	၅၆၅၀	၂၂၀၀၀	၃၆၀၀	၉၀၀၀	၈၀၀၀	၅၀၀၀	၇၀၀၀	၈၀၀	၉၂၀၀	၇၂၀၀	၆၀၀၀	၂၈၀၀	၄၀၀၀	၁၂၀၀၀	၁၈၀၀၀	၁၈၀၀၀	၂၄၀၀၀	၁၀၀၀၀
၁၆	ပခုက္ကူ	၄၃၀၀		၁၃၅၀၀	၅၇၀၀	၁၈၀၀၀	၃၂၀၀	၁၁၀၀၀	၈၀၀၀	၈၀၀၀	၅၅၀၀	၆၅၀	၈၀၀၀	၇၇၀၀	၃၀၀၀	၂၅၀၀	၃၅၀၀	၁၂၀၀၀	၁၉၀၀၀	၁၇၀၀၀	၂၂၀၀၀	၇၅၀၀
၁၇	မကွေး	၄၂၀၀		၁၄၅၀၀	၅၂၀၀	၁၈၀၀၀	၄၀၀၀	၁၀၀၀၀	၉၅၀၀	၆၅၀၀	၈၅၀၀	၈၅၀၀	၈၅၀၀	၅၀၀၀	၃၅၀၀	၂၅၀၀	၄၀၀၀	၁၄၀၀၀	၁၉၀၀၀	၁၈၀၀၀	၂၂၀၀၀	၇၅၀၀
၁၈	ပြည်	၂၆၅၀		၁၃၅၀၀	၅၁၀၀	၂၅၀၀၀	၃၅၀၀	၁၁၀၀၀	၈၅၀၀	၄၅၀၀	၆၅၀၀	၆၀၀	၇၀၀၀	၆၅၀၀	၄၀၀၀	၃၀၀၀	၃၈၀၀	၁၂၀၀၀	၂၀၀၀၀	၁၅၀၀၀	၂၅၀၀၀	၁၃၀၀၀
၁၉	ပဲခူး	၂၉၅၀		၁၆၀၀၀	၄၉၅၀	၁၆၀၀၀	၃၃၀၀	၈၀၀၀	၈၀၀၀		၇၀၀၀	၄၅၀	၈၅၀၀	၆၂၀၀	၂၉၀၀	၂၃၀၀	၃၆၀၀	၁၀၀၀၀	၁၆၀၀၀	၁၅၀၀၀	၂၃၀၀၀	၆၅၀၀
၂၀	ပျဉ်းမနား	၃၄၀၀		၁၅၅၀၀	၅၆၀၀	၁၈၀၀၀	၃၆၀၀	၈၄၀၀	၉၀၀၀	၅၁၀၀	၅၆၀၀	၅၀၀	၇၀၀၀	၆၄၀၀	၄၀၀၀	၂၅၀၀	၃၉၀၀	၁၂၀၀၀	၁၈၀၀၀	၁၄၀၀၀	၂၄၀၀၀	၉၅၀၀
၂၁	နေပြည်တော်	၃၄၀၀		၁၅၅၀၀	၅၆၀၀	၁၈၀၀၀	၃၆၀၀	၈၄၀၀	၉၀၀၀	၅၁၀၀	၅၆၀၀	၅၀၀	၇၀၀၀	၆၄၀၀	၄၂၀၀	၂၅၀၀	၃၉၀၀	၁၂၀၀၀	၁၈၅၀၀	၁၅၀၀၀	၂၄၀၀၀	၉၅၀၀
၂၂	ကလေး	၄၇၀၀	၄၃၀၀	၁၅၅၀၀	၁၁၅၀၀	၂၁၀၀၀	၃၀၀၀	၅၀၀၀	၈၅၀၀	၄၀၀၀	၅၀၀၀	၁၀၀၀	၉၀၀၀	၆၃၀၀	၄၀၀၀	၄၀၀၀	၄၂၀၀	၁၆၀၀၀	၂၀၀၀၀	၁၉၀၀၀	၃၂၀၀၀	၁၀၀၀၀

မှတ်ချက်။ (၁) ပဲဆီ တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၉၅၀ကျပ်၊ လားရှိုးတွင် ၈၀၀ကျပ်၊ ထားဝယ်တွင် ၇၅၀ကျပ်၊ မြိတ်တွင် ၆၅၀ကျပ်၊ ကလေးတွင် ၅၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် လားရှိုးတွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးနှင့် မုံရွာတွင် ၅၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် တောင်ကြီးနှင့် ကလေးတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးတွင် ၃၀၀ကျပ်၊ စစ်တွေတွင် ၁၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် ကလေးတွင် ၁၀၀၀ကျပ် စျေးတက်ခဲ့ပါသည်။

(၂) ညွှေ့မထဆန် တစ်ပြည်လျှင် ရန်ကုန်နှင့် မုံရွာတွင် ၂၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၅၀၀ကျပ်၊ နေပြည်တော်တွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ပြည်တွင် ၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ကျပ်၊ တောင်ကြီးနှင့် ဘားအံတွင် ၁၀၀၀ကျပ်၊ လွိုင်ကော်တွင် ၅၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်နှင့် ရန်ကုန်တွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) နှင့် ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ဘားအံတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ဘားအံတွင် ၃၀၀ကျပ်၊ ရန်ကုန်တွင် ၅၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ ရန်ကုန်တွင် ၅၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ဘားအံတွင် ၅၀ကျပ်၊ မြိတ်တွင် ၃၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ် စျေးကျခဲ့ပါသည်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

၁၈-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

စဉ်	နဝကမ္ဘ အမည်	အလှူငွေ (ကျပ်)
၆၃၀၆။	ကွယ်လွန်သူမိခင် ဒေါ်ကြည်ကြည်မေအားရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု	၇၀၀၀၀၀
၆၃၀၇။	နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးရဲလင်းထွန်းနှင့်ဇနီး ဒေါ်စန်းသီတာ၊ (သမီး) မသဇင်အောင်၊ မငြိမ်းဆုသီ၊ မယွန်းဖြူဖြူအောင် မိသားစုကောင်းမှု	၅၀၀၀၀၀
၆၃၀၈။	ဦးလှမိုးနှင့်ဇနီး ဒေါ်ကြည်ကြည်မေမိသားစုကောင်းမှု	၅၀၀၀၀၀
၆၃၀၉။	စစ်ကိုင်းတောင်ရိုးမှ(ဆရာကြီး၊ ဆရာလေးများအဖွဲ့) ကောင်းမှု	၃၅၀၀၀၀
၆၃၁၀။	ဦးကျော်စိုးအောင်နှင့်ဇနီး ဒေါ်မူမူရွှေ မိသားစုကောင်းမှု	၃၀၀၀၀၀
၆၃၁၁။	ဦးကျော်သူရနှင့်ဇနီး ဒေါ်မေချိုဟိန်း၊ (သမီး) မထူးမြတ်အိန္ဒြေမိသားစုကောင်းမှု	၂၀၀၀၀၀
၆၃၁၂။	ဦးကျော်ဇာနည်ဟန်နှင့်ဇနီး ဒေါ်နန်းထက်ထက်ဝေ၊ (သမီး) မနန်းမြတ်ဖြူစင်ကျော်မိသားစုကောင်းမှု	၂၀၀၀၀၀
၆၃၁၃။	ဦးဇော်သိန်း(ညွှန်ကြားရေးမှူး)နှင့်ဇနီး ဒေါ်စန်းစန်းအေး၊ (သား)ကိုဟိန်းဇော်၊ (သမီး)မသူသူစံမိသားစုကောင်းမှု	၂၀၀၀၀၀
၆၃၁၄။	ဦးငွေလှိုင်နှင့်မိသားစုကောင်းမှု	၂၀၀၀၀၀
၆၃၁၅။	ဦးထွန်းမြိုင်နှင့်ဇနီး ဒေါ်တင်မြမိသားစုကောင်းမှု	၁၈၀၀၀၀
၆၃၁၆။	နှစ်ဖက်သောမိဘများနှင့်ဇနီး ဒေါ်ကြည်ကြည်ဝေ တို့အားရည်စူး၍ ဦးမြသန်း၊ သား၊ သမီး၊ သမက်၊ မြေး မိသားစုကောင်းမှု	၁၅၀၀၀၀
၆၃၁၇။	မိခင်ကြီး ဒေါ်သန်းအားရည်စူး၍ ဦးသက်ရှည်နှင့်ဇနီး ဒေါ်အုန်းပိုင်မိသားစုကောင်းမှု	၁၃၀၀၀၀
၆၃၁၈။	ဦးမောင်ကြီးနှင့်ဇနီး ဒေါ်ကြည်စိန်မိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၁၉။	ဒေါ်ခင်ခင်ကြီးနှင့်မိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၂၀။	ဦးဆန်းနှင့်ဇနီး ဒေါ်ရီ (Power Point) မိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၂၁။	ကွယ်လွန်သူ ဦးမြင့်ဆွေအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၂၂။	ဦးမန်းခင်မောင်ကြီးနှင့်ဇနီး ဒေါ်ဝင်းကြည် မိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၂၃။	နှစ်ဖက်သောမိဘများအားအမှူးထား၍ ဗိုလ်မှူးချုပ်သွင်အောင်နှင့်ဇနီး ဒေါ်တင်တင်သော်၊ (သား) မောင်ထူးမြတ်အောင်၊ (သမီး) မယွန်းအိဖြူ မိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၂၄။	နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးညွှန့်လှိုင်နှင့်ဇနီး ဒေါ်ခင်စန်းမြင့် မိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၂၅။	Morning Star အအေးကဖီ မိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၂၆။	ဆရာတော် ဥူးကလျာ၊ ဦးရှမ်းနှင့်ဇနီး ဒေါ်လှဌေး တို့အားအမှူးထား၍ ဦးရှိန့်ဇနီး ဒေါ်ခင်ဝင်း၊ ဦးလုံးဗဟာဒူးနှင့်ဇနီး ဒေါ်စီမာယာမိသားစုများကောင်းမှု	၁၀၀၀၀၀
၆၃၂၇။	ဦးကျော်လှနှင့်ဇနီး ဒေါ်မြင့်ရီမိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၂၈။	ဒေါ်သန်းမြင့်၊ (သား) ကိုဇော်မျိုးဝေမိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၂၉။	ဒေါ်မြစိန်၏ (၉၆)နှစ်မြောက်မွေးနေ့အလှူ	၁၀၀၀၀၀
၆၃၃၀။	ဆရာလေးဒေါ်ပဥ္စဝတီကောင်းမှု	၁၀၀၀၀၀
၆၃၃၁။	ဦးဇော်မင်းနှင့်ဇနီး ဒေါ်ငွေတင်မိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၃၂။	ဦးရာသိန်းနှင့်ဇနီး ဒေါ်လှပိုမိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၃၃။	ဦးချစ်တင်နှင့်ဇနီး ဒေါ်ခင်လှမြို့မိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၃၄။	ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ယန္တရားစီမံခန့်ခွဲရေးနှင့်ထိန်းသိမ်းရေးဌာနမှဝန်ထမ်းများကောင်းမှု	၁၀၀၀၀၀
၆၃၃၅။	ဦးတင်ဝေနှင့်ဇနီး ဒေါ်ခင်မျိုးမြင့်၊ သား၊ သမီး၊ မြေး၊ မြစ်မိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၃၆။	နှစ်ဖက်သောမိဘများ၊ ဆွေမျိုးများနှင့် ဖခင်ကြီး ဦးမောင်ငယ်အားရည်စူး၍ ဒေါ်နန်းခမ်းဦး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု	၁၀၀၀၀၀
၆၃၃၇။	ဒေါ်နီလာငယ်မိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၃၈။	ကွယ်လွန်သူ ဘိုးဘွား၊ မိဘများအားရည်စူး၍ ဦးအောင်ဌေးနှင့်ဇနီး ဒေါ်အေးအေးဝင်း မိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၃၉။	ဒုတိယဗိုလ်မှူးကြီးဂျာနော်(ငြိမ်း)နှင့်ဇနီး ဒေါ်အေးစန္ဒာအောင်မိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၄၀။	ဦးမောင်မောင်လေးနှင့်ဇနီး ဒေါ်ခိုင်ခိုင်မြင့်မိသားစု	၁၀၀၀၀၀
၆၃၄၁။	ဦးကြာရင်နှင့်ဇနီး ဒေါ်လှစီ၊ (သားများ) ဦးညွှန့်ရွှေ၊ ဦးကျော်ရွှေ၊ ဦးထွန်းဝင်းမိသားစုကောင်းမှု	၁၀၀၀၀၀
၆၃၄၂။	ဦးအေးဖေနှင့်ဇနီး ဒေါ်ခင်ပြုံးဝေ၊ သား၊ သမီး၊ မြေးများကောင်းမှု	၁၀၀၀၀၀
၆၃၄၃။	ဦးဥာဏ်ဝင်းနှင့်ဇနီး ဒေါ်မိုးမိုး၊ (သားများဖြစ်ကြသော) မောင်ဝေဖြိုးမောင်၊ မောင်သက်နိုင်ဝင်း၊ မောင်ထက်အောင်ခိုင်မိသားစုကောင်းမှု	၉၀၀၀၀
၆၃၄၄။	ဦးစန်းကိုနှင့်ဇနီး ဒေါ်ပွင့်ဦးဟန်မိသားစုကောင်းမှု	၉၀၀၀၀
၆၃၄၅။	ဒေါ်မေသူဝင်းမိသားစုကောင်းမှု	၅၀၀၀၀
၆၃၄၆။	ဦးကျိုးဟောင်လုံးနှင့်ဇနီး ဒေါ်နန်းစံဝင်း မိသားစုကောင်းမှု	၅၀၀၀၀
၆၃၄၇။	ဒေါ်အုံးမိသားစုကောင်းမှု	၅၀၀၀၀
၆၃၄၈။	ဦးမောင်မောင်ထူးနှင့်ဇနီး ဒေါ်စန္ဒာဆွေ မိသားစုကောင်းမှု	၅၀၀၀၀
၆၃၄၉။	ဒေါက်တာဒေါ်သီတာဆွေနှင့်မိသားစုကောင်းမှု	၅၀၀၀၀
၆၃၅၀။	ဦးတင်မောင်စောနှင့်ဇနီး ဒေါ်ကိုင်ရီမိသားစုကောင်းမှု	၅၀၀၀၀
၆၃၅၁။	ဦးကိုကြီးနှင့်ဇနီး ဒေါ်ဝင်းစန္ဒာမိသားစုကောင်းမှု	၅၀၀၀၀
၆၃၅၂။	(ဦးကျော်စိန်)နှင့်ဇနီး ဒေါ်အေးသင်းမိသားစုကောင်းမှု	၅၀၀၀၀
၆၃၅၃။	ဦးဆန်းထွန်းနှင့်ဇနီး ဒေါ်စိုးသူဇာကျော်၊ (သား) မောင်သက်ခိုင်လင်း၊ (သမီး) မအေးငြိမ်း၊ (မြေး) မောင်ကောင်းသန့်လင်းမိသားစုကောင်းမှု	၅၀၀၀၀
၆၃၅၄။	ကွယ်လွန်သူ မိဘ၊ ဘိုးဘွား၊ ဆွေမျိုးမိသားစုများကို ရည်စူး၍ ဒေါ်တင်ရီနှင့် ဒေါ်စောညွန့်မိသားစုကောင်းမှု	၅၀၀၀၀
၆၃၅၅။	(ဦးအုန်းမောင်)နှင့်ဇနီး ဒေါ်ခင်ရွှေမိသားစုကောင်းမှု	၅၀၀၀၀
၆၃၅၆။	ဒေါ်တင်တင်မိုး၊ (သမီး) မချောစုမိသားစုကောင်းမှု	၅၀၀၀၀
၆၃၅၇။	ဒေါ်မြင့်မြင့်စိန်မိသားစုကောင်းမှု	၅၀၀၀၀
၆၃၅၈။	ဦးကျော်သန်းထွန်း(စွမ်းအားဖြိုး) မိသားစုကောင်းမှု	၅၀၀၀၀

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦးများအတွက် **ကြီတင်လှာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၅၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇာဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၂၀၁၀၂၀၀၂၈၃၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၄၆၆၆၁၁၆

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၅၄၊ ၀၉-၂၅၅၈၂၅၅၁၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ် (၈၅၈/က)၊ မြေကွက်တည်နေရာ အမှတ်(၈၅၈/က)၊ သီရိဇေယျာ(၂၀)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ မဟာဇေါ(၁)မအေးအေးမြင့် (S/OKA-071443) အမည်ပေါက် နှစ်(၆၀)မြေဌားဂေရန်အမည်ပေါက် မဟာဇေါ(၁)မအေးအေးမြင့်အား တရားပြိုင်ထားချိန် ဒေါ်မြသူဇာမှတရားလိုပြုလုပ်ကာမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံးတရားမကြီးမှုအမှတ် (၆/၂၀၂၃)၏စီရင်ချက်၊ တရားမဇာဂီမှုအမှတ်(၂၀/၂၀၂၃) တို့၏အမိန့်အရတရားရုံး (ကိုယ်စား)ဘီလစ်ဒေါ်နန့်ဆန်းသိန်း [၁၂/မရက(နိုင်)၀၄၇၆၁၀၆]မှ ဂရန်၊ နိုင်/ကတ်၊ ဘီလစ်ခန့်စာ၊ တရားရုံးအထောက်အထားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ဧီးလွန်)၊ Grade-8(B) မှ မောင်ဇော်မိုင်၏ ဖခင်အမည်မှန်မှာ ဦးတန်ဆိုင်းဇော်ဘောက် [၁/ကမန(နိုင်)၀၂၇ ၄၃၂] ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ခွဲ)၊ အာလမ်(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် နဝမတန်းကို ခုံအမှတ်(နဘ-၁၇၃)ဖြင့် ဖြေဆိုအောင်မြင်ခဲ့သော မရွှေတားမီး၏ ဖခင်အမည်မှန်မှာ ဦးလာမာဆီး [၁/မကန(နိုင်)၁၃၀၅၂၂]ဖြစ်ပါသည်။

မိခင်တစ်ဦးတည်းဖြစ်ကြောင်း

ဝိုင်းမော်မြို့နယ်၊ ဆဒုံးမြို့၊ ဆနာကျေးရွာနေ မင်္ဂါးမာဝူ၏မိခင် ဒေါ်ဇော်မလဲ(ခ) ဒေါ်ဇော်မလေး [၁/ဝမန(နိုင်)၀၂၂၉၆၂]သည် တစ်ဦးတည်းဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ပုန်းညက်မြိုင်လမ်း၊ အမှတ်(၅၂၉/ခ)ဟု ခေါ်တွင်သော မြေအကျယ် ၀၊(၂၀x၆၀)(၈ရန်မိတ္တူ) မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးအုန်းကြည် (ED-022182) အမည်ဖြင့်မှတ်သားတည်ရှိပြီး လက်ရှိပိုင်ဆိုင်ထားသော ဒေါ်နီနီယဉ် [၁၁/စတန(နိုင်)၀၆၀၀၀၈]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှေ့အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးသွယ် [၆/မမန(နိုင်)၀၂၀စ၃၈]မှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သင်းသင်းဝါ (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)
အမှတ်(၆၅၆)၊ ပိတောက်ရွေ့ပါလမ်း၊ (၄၇)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း- ၀၉-၂၅၃၄၂၂၅၅၊ ၀၉-၇၇၀၀စစ၃၁၀

လမ်းကျယ် ကြိုက်သူများအတွက်

"တိုက်ခန်းအမြန်ရောင်းမည်"
မြေညီ+ထပမထပ်
၀၊(၄၀ x ၅၅)၀၊
Shop House လည်းဖွင့်လို့ရသည်။
ရှယ်ပြင်ပြီး
ဗဟိုလမ်းမပေါ်၊
သီရိမြိုင်ဘူတာအရှေ့၊ လှိုင်မြို့နယ်။
Ph: 09-790248765

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အ ထ က ခွဲ(နီးပဒေါ)ကျောင်း Grade-12 မှ မပြည့်ပြည့် အောင်၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး [၁၀/ဘလန (နိုင်) ၀၄၃၉၄၆] ဖြစ်ပါကြောင်း။
ဦးတင်ဦး

"ပျောက်ဆုံးကြောင်း"

ဦးလင်းထက် [၁၂/ဒဂန(နိုင်)၀၂၃စ၅၁] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် MC 681457 CDC (No.49398) နှင့် C.O.C လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
Ph: 09-443832661, 09-880007086

ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဒေါင်နန်း [၁/ဝမန (နိုင်) ၀၁၆၀၃၅]၏ ပတ်စ်ပို့နံပါတ် (M-219876) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၉၉၁၆၉၈၀

ဆောက်လုပ်ရေးဝန်ကြီးဌာန
တံတားဦးစီးဌာန၊
တည်ဆောက်ရေးအဖွဲ့(၃)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးမြစ်ကူးတံတား(သန်လျင်အမှတ် ၃)တွင် အသုံးပြုရန်လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ Covid-19 ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရန် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တင်ဒါစီစစ်ရွေးချယ်ခြင်းအစီအစဉ်အား ဆောင်ရွက်မည်ဖြစ်ပါသည်။

- တင်ဒါပုံစံစတင်ရောင်းချမည့် နေ့ရက်/အချိန် - (၂၆-၉-၂၀၂၃)ရက်နေ့၊ နံနက်(၉: ၃၀)နာရီ
- တင်ဒါလျှောက်လွှာပိတ်သည့် နေ့ရက်/အချိန် - (၂-၁၀-၂၀၂၃)ရက်နေ့၊ ညနေ(၄:၃၀)နာရီ
- တင်ဒါဖွင့်ပွဲကျင်းပမည့် နေ့ရက်/အချိန် - (၃-၁၀-၂၀၂၃)ရက်နေ့၊ နံနက်(၁၀: ၀၀)နာရီ
- တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ပဲခူးမြစ်ကူးတံတား(သန်လျင် အမှတ်-၃) ရုံးခန်းမဆောင်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပ(မြင်သာ)၊ ရန်ကုန်မြို့တွင် (၂၆-၉-၂၀၂၃)ရက်နေ့၊ နံနက် (၉:၃၀)နာရီမှစ၍ ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် အသေးစိတ် အချက်အလက်များကို ဖုန်း ၀၉-၄၂၀၀၄၉၂၃၃၊ ၀၉-၄၀၁၅၅၅၂၃ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၇)ရပ်ကွက်၊ ရတနာလမ်းရှိ ဒေါ်ဇွန်သက်ပန် အမည်ပေါက် ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(1/A)၊ အခန်းအမှတ်(၁၆၀၂)၊ အထပ် Level-16၊ ကြမ်းခင်း ဧရိယာ (၁၂၀၀)စတုရန်းပေရှိ တိုက်ခန်းအား ဆက်စပ်ဝန်ဆောင်မှုများ ဆက်ဆက်ဖြင့် ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်လှလှဌေး [၁၂/သကတ(နိုင်)၀၀၃၅၇၁]တို့က လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အရှေ့ပိုင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်စောလီထွေးဝင်း [၁၂/သကတ(နိုင်)၁၇၁၈၆၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဆင့်သီရိခင်ဇော် (LL.B, D.M.L)
တရားလွတ်တော်ရှေ့နေ (စဉ်-၁၄၈၄၄)
အမှတ်(၃၇)၊ ရာဇမိရာစ်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၁၃၃၁၀၅၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄-ကံဘဲ့၊ မြေကွက် အမှတ်-၃၅/ဆ-၁၊ ဧရိယာ(၀.၂၁၅ဧက)ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးလွင်ဆောင်အေးနှင့် ဒေါ်နီနီသိန်းတို့မှ အမည်ပေါက် ပိုင်ဆိုင်ထားရှိပြီး ဒေါ်နီနီသိန်းမှာ (၁၁-၆-၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သွားသောကြောင့် ၎င်း၏ တရားဝင် အမွေဆက်ခံပိုင်ခွင့်ရှိသော သမီးဖြစ်သူ မသိမ်မွေ့နင်း (ဘ)ဦးသန်းရွှေ [၁/ဗဟန(နိုင်) ၁၀၄၁၁၈]နှင့် မြေကွက် အမည်ပေါက်ပိုင်ဆိုင်သူတစ်ဦးဖြစ်သော ဦးလွင်ဆောင်အေး (ဘ) ဦးအေးသောင်း[၁/မဂဒ(နိုင်)၀၂၂၅၆] တို့က တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏ မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်တင့်(ခ)ဦးခင်ထွန်း
တရားလွတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)
အမှတ်-၁၃/၄၉၊ အခန်း(၂)Strand Condo(ပ)ထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၁၃၉၁၀၆

ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အခြေခံပညာ မူလတန်းလွန်ကျောင်း၊ မုရစ်ကလေး(၁)၊ Grade(5)မှ မောင်သဲမောင်မောင်၏ မိဘ အမည်မှန်မှာ ဦးစောစောထူး၊ ဒေါ်ပြုံးပြုံးထွေး ဖြစ်ပါကြောင်း။
ဦးစောစောထူး၊
ဒေါ်ပြုံးပြုံးထွေး

ပတ်စ်ပို့ပျောက်

မောင်မြင့်မောင်မောင် [၁/ဥကမ (နိုင်) ၂၁၀၇၅၀]၏ ပတ်စ်ပို့နံပါတ် (M-943143) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
Ph:09-761888533
09-694110144

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၊ မြေကွက်အမှတ်- ၁၀၇၃/ခ၊ မြေကွက်တည်နေရာအမှတ်(၁၀၇၃/ခ)၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်ရွှေ (CE-058108) အမည်ပေါက် နှစ်(၆၀)မြေဌားဂရန်အမည်ပေါက် ဒေါ်ခင်ရွှေ(မိခင်)နှင့် ဦးအုန်းမောင်(ဖခင်)တို့ ကွယ်လွန်ပြီး မွေးဖွားသားသမီး (၄)ဦးအနက် သမီးတစ်ဦးဖြစ်သူ ဒေါ်နီနီဝင်းသည် အပျိုကြီးဘဝဖြင့် ထပ်မံကွယ်လွန်သဖြင့် ဒေါ်လှလှဝင်း [၁/ဥကတ(နိုင်)၁၄၁၈၅၁]၊ ဒေါ်စန္ဒာဝင်း[၁/ဥကတ(နိုင်) ၁၂၀၅၁]၊ ဦးအောင်သန်းဦး[၁/ဥကတ(နိုင်)၁၃၅၈၀၂]တို့မှ ကျန်ရှိသားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ (ပိုင်ဆိုင်-အရောင်း)၊ မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၈၈/ဌ/ခ)မြေကွက်အမှတ်(၇၆ ၂/ခ)ဟုခေါ် တွင်သောဦးရွှေကျော်စိန် အမည်ပေါက်မြေချပါမစ်မူရင်းခြမ်း(၁၄ပေx၆၀ပေ) မြေနှင့်မြေပေါ်ရှိ အဆောင်(၆)ခန်းပါ၊အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်ကိုလက်ဝယ်ပိုင်ဆိုင်သူဦးဇော်မင်းထွေး(၁ ၂/ရပသ(နိုင်) ၁ ၂၃၄၆၃)ကိုင်ဆောင်သူမှရောင်းချရန်ကမ်းလှမ်းလာရာသဘောတူသည့်အလျောက်ကျွန်ုပ်၏မိတ်ဆွေဦးဂနေစ်ကူမာ(၇/ကတခ(ပြု) ၀၁၆၆၆ ၂)မှစရံငွေတစစိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့်ကန့်ကွက်လိုပါကစာရွက်စာတမ်းမူရင်းများဖြင့်(၇)ရက်အတွင်းကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါကဥပဒေအတိုင်းအရောင်းအဝယ်ကိုဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်းကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဆုလှိုင်ဝေ LL.B
အထက်တန်းရှေ့နေ(စဉ်-၃၇၀၃၅)
အမှတ်(၅၂၉/၅၃၀)စိုက်ပျိုးရေးလမ်း(၁၃)ရပ်ကွက်၊
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ၀၉-၄၅၅၀၈၆၅၅၃

အများသိစေရန်ကြေညာချက်

မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ထဝုလ(၇)လမ်း၊ အမှတ်(၅၇၂/ခ)၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ်(၅၇၂/ခ)တွင် ၁ခန်းတည်း (၆)ထပ်တိုက် (Pitch Roof) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှ အနေဖြင့် နှစ်(၆၀)ဂရန်နှင့် (D/Map) တင်ပြ၍ ဂရန်နှင့် (D/Map)အညီပေါက် ဦးစန်းလွင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရှိသူ ဒေါ်ခင်လေးသွဲ့ (၁ ၂/ဥကမ (နိုင်)၁၆၆၁၄)မှ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးအေးလွင် (RSE-Construction-2734) ဖြင့် တင်ပြလျှောက်ထားလာရာတွင် မြေအမည်ပေါက် ဦးစန်းလွင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း တင်ပြနိုင်မှ မရှိခြင်းနှင်ပတ်သက်၍ ယခုဆောက်လုပ်ခွင့် တင်ပြလျှောက်ထားခြင်းအား ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၉၊ မြေကွက်အမှတ်(၈၆)၊ ဧရိယာ (၀.၀၈၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၈၆)၊ စ၀ယ်လမ်း၊ (၂၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဗိုလ်မှူးနီဝင်း [၁ ၂/ဗတထ (နိုင်) ၀၁၄၇၀၅] အမည်ပေါက် နှစ်(၆၀) မြေဌားဂရန်မြေအား ဂရန်အမည်ပေါက် ဗိုလ်မှူးနီဝင်း[၁ ၂/ဗတထ(နိုင်) ၀၁၄၇၀၅] ခင်ပွန်းဖြစ်သူကွယ်လွန်၍ ပိုင်ဆိုင်စာချုပ်အမှတ်-၇၅၃၅ (၅-၁၁-၂၀၁၄)ဖြင့် ပိုင်ဆိုင်သူ ဒေါ်အေးအေးသင်း[၁ ၂/ဗတထ(နိုင်) ၀၁၃၀၈၈] ထံမှ ထန်းတပင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၇၉/၂၀၂၁ (၂၇-၅-၂၀၂၁)ရရှိသူ ဒေါ်ယမုံထွေး [၁ ၂/ရပသ(နိုင်)၀၅၉၃၃၃]မှ ဂရန်မူရင်း၊ ပါဝါ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ ပါ၀ါပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာအမှတ်- ၂၆၀၆/၂၀၂၂ (၂၇-၁၂-၂၀၂၂)၊ ပိုင်ဆိုင်စာချုပ်တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာပါသည်။ (၂၀၁၃)ခုနှစ်တွင် အပိုင်ပေးမြေပုံထုတ်ယူခဲ့သော်လည်း အပိုင်ပေးမြေပုံမူရင်းမှာ အသုံးပြုခဲ့ခြင်းရှိ၏ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ နှစ်(၆၀) ဂရန်မူရင်းမှာလည်း လက်ဝယ်ရှိပြီး အခြားမည်သူ တစ်ဦးတစ်ယောက် ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လျှုပ်ဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း လုံးဝ မရှိပါကြောင်း မဂ်လာတောင်ညွှန်ကြားတော်တရားရုံး၏ ကျမ်းကျိန်လွှာ အမှတ်- ၆၆၉/၂၀၂၃ (၃-၈-၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ဒိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

သွေးသည် အသက်

မြေအပြီးအပိုင် ဝယ်ယူပြီးစီးပါကြောင်း
အများသိစေရန် ကြေညာခြင်း

ဦးချစ်ကိုကိုဦး [၁၂/ဒဂတ (နိုင်) ၀၅၀၇၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၀၂၀)၊ သရက်ကုန်းကွင်း၊ ဧရိယာ (၁.၈၀)ဧကအနက် ခြံပွါးဘိညာသခ္ခမရသီရိပ်သာသို့အသွား လားရာ ညာဘက်အခြမ်းတွင် တည်ရှိလျက်ရှိပါသော ဥယျာဉ်ခြံမြေ (ရန်ကုန်တိုင်းပြည်သူ့ကောင်စီ၏ ၂၃-၁၁-၈၂ ရက်စွဲပါ၊ စာအမှတ်-၁၄၇၄၈/၀၀၆/စီးပွားရေးဖြင့် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ-၃၉ အရ သတ်မှတ်ခြင်းခံရသည့် ဥယျာဉ်ခြံမြေ) အရှေ့ (၅၅)၀၊ အနောက် (၄၇)၀၊ ဘယ်ဘက်အလျား (၉၅)၀၊ ညာဘက်အလျား (၁၀၀)၀ အကျယ်အဝန်းရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဒေါ်သန်းသန်းစိန် [၁၂/လကန(နိုင်)၁၀၄၅၅၀၀]သည် မိမိသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ကျွန်ုပ်၏မိတ်ဆွေ ဦးချစ်ကိုကိုဦး [၁၂/ဒဂတ (နိုင်)၀၅၀၇၄၇]အား (၁၇-၉-၂၀၂၃)ရက်နေ့တွင် အပြီးအပိုင်လွှဲ ပြောင်းရောင်းချပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်သီတာဖိုး	ဒေါ်နီလာဦး
(LL.B,D.I.L,D.B.L)	(LL.B, D.B.L, D.I.L, D.M.L)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၆၅၈၂)(၅-၁-၂၀၁၉)	(စဉ်-၁၆၅၇၇)(၂၃-၁-၂၀၂၀)

တိုက် (ဒ၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၈၀၅၁၂၁၂၅၅

ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃ လူနေရပ်ကွက်အမှတ်-သုဝဏ္ဏ၊ မြေကွက်အမှတ်-၂၇၇/ခ၊ အကျယ်အဝန်း(အလျား ၃၀' x အနံ ၆၂')၊ ဧရိယာ (၀. ၀၆၂)ဧက၊ (၂၇၃၆)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၆၂/၂)၊ ယင်းမာမြိုင် လမ်းသွယ်(၁)၊ ၂၃-စုပေါင်းရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပူးတွဲဂရန်အမည်ပေါက် ပိုင်ဆိုင်ထားသူ ဦးသန်းဇော် (၁ ၂/သယက (နိုင်) ၁၃၀၇၉၉၆)နှင့် ဦးဝင်းဇော် (၁ ၂/သယက (နိုင်) ၀၁၃၃၃၄)တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက တန်ဖိုးတွေ၏တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဇင်မာသက် LL.B	ဒေါ်ဝါဝါလှိုင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၄၇)	တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၆၅)

အမှတ်-၅၀၊ အခန်း (A-၂၀)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉-၄၂၅၀၂၅၃၃၅၂၊ ၀၉ ၄၂၀၀၆၁၄၄၉

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၁) နည်းဥပဒေ- ၂၀)
အင်းစိန်ခရိုင်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၆၄

ဒေါ်ခင်မိုးဖြူ နှင့် ၁။ ဦးအောင်မြင့်
၂။ ဒေါ်ခင်မြမြင်း
၃။ ဦးမင်းအောင်အောင်
၄။ ဦးမင်းကျော်ထက်

(တရားလို) **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နှံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၆/ဃ-၃၁)နေ (၁)တရားပြိုင် ဦးအောင်မြင့်၊ (၂)တရားပြိုင် ဒေါ်ခင်မြမြင်း၊ (၃)တရားပြိုင် ဦးမင်းအောင်အောင်၊ (၄)တရားပြိုင် ဦးမင်းကျော်ထက် (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်းမြေနှင့်အိမ်အရောင်းအဝယ် စာချုပ်မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကိုကောင်းမြတ်ဦးနယ်၊ ကိုကောင်းမြတ်ဦးရပ်ကွက်၊ အမှတ်(၂)ရပ်ကွက် ၊ ကုန်သည်လမ်း၊ ဗိုလ်တထောင် Time Square အိမ်ရာ၊ တိုက်(C2)၊ အခန်း(A-1106)၏ အမည်ပေါက် ဒေါ်တင်တင်ထွန်း+၃ ဦးထံမှ[၁၂/ကတတ(နိုင်)၀၁၉၃၃]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ယုဇနေမော် [၁၂/ပဇတ(နိုင်)၀၄၁၆၂၈]က တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါကကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀۶۷-၃၄၀۷၅۷

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင် Time Square အိမ်ရာ၊ တိုက်(C2)၊ အခန်း(A-1307)၏ အမည်ပေါက် ဒေါ်နေနွယ်ဇင်ထံမှ [၁၂/သကတ(နိုင်)၁၉၅၄၄]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မီမီသိန်း [၁၂/သဃက(နိုင်)၀၁၃၅၄]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါကကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀۶۷-၃၄၀۷၅۷

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ မြို့နယ်၊ (ဃ)-တိုးချဲ့ရပ်ကွက်၊ ခေမာသီလမ်း၊ ဝေပုလ္လအိမ်ရာ၊ တိုက်(၃)၊ အခန်း(၂၂)အား စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးကျော်သူအောင် [၁၂/ရကန(နိုင်)၀၇၂၈၃၀]နှင့် ဒေါ်ယမင်းရွှေစင်တို့က [၁၂/ဥကတ(နိုင်)၁၉၇၁၈၂] တို့က တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀۶۷-၃၄၀۷၅۷

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ကိုကောင်းမြတ်ဦးနယ်၊ ကိုကောင်းမြတ်ဦးရပ်ကွက်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင် Time Square အိမ်ရာ၊ တိုက်(C2)၊ အခန်း(A-1206)၏ အမည်ပေါက် ဒေါ်တင်တင်ထွန်း+၃ ဦးထံမှ[၁၂/ကတတ(နိုင်)၀၁၉၃၃]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ယုဇနေမော် [၁၂/ပဇတ(နိုင်)၀၄၁၆၂၈]က တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါကကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀۶۷-၃၄၀۷၅۷

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ကိုကောင်းမြတ်ဦးနယ်၊ ကိုကောင်းမြတ်ဦးရပ်ကွက်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင် Time Square အိမ်ရာ၊ တိုက်(C2)၊ အခန်း(A-1307)၏ အမည်ပေါက် ဒေါ်နေနွယ်ဇင်ထံမှ [၁၂/သကတ(နိုင်)၁၉၅၄၄]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မီမီသိန်း [၁၂/သဃက(နိုင်)၀၁၃၅၄]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါကကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀۶۷-၃၄၀۷၅۷

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ မြို့နယ်၊ (ဃ)-တိုးချဲ့ရပ်ကွက်၊ ခေမာသီလမ်း၊ ဝေပုလ္လအိမ်ရာ၊ တိုက်(၃)၊ အခန်း(၂၂)အား စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးကျော်သူ အောင် [၁၂/ရကန(နိုင်)၀၇၂၈၃၀]နှင့် ဒေါ်ယမင်းရွှေစင်တို့က [၁၂/ဥကတ(နိုင်)၁၉၇၁၈၂] တို့က တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀۶۷-၃၄၀۷၅۷

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၉၊ မြေကွက်အမှတ်-၁၀၈၆၊ ရွှေစံပွါယိယလမ်းရှိ ဦးစိုးမြင့်အမည်ပေါက် ပါမစ်မြေအမျိုးအစား ၀၊(၄၀ x ၆၀) အကျယ်အဝန်းရှိသော မြေကွက်ကြီးထဲမှ တရားဝင် မခွဲမစိတ်ရသေးသော ၀၊(၂၀ x ၆၀)ကို ဆက်စပ်စာချုပ်ဖြင့်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မြတ်စုထွန်း[၁၂/ဒဂတ(နိုင်)၀၁၁၄၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းအိဝေ[၁၁/ကဖန(နိုင်)၀၇၃ဂ၇၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအဖြစ် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမျိုးမရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်စာတမ်း(မူရင်း)များနှင့် တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်နှင်းအိဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်အေးဝင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၂၅၅၂/၂၇-၄-၂၀၂၀)
အမှတ်-၇၃۷/၁၊ မြေညီထပ်၊ မာယာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
Ph:09-796764898

ကွာရှင်းပြတ်စဲပြီးစီးကြောင်းအများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းလင်းထွန်း[၁၂/ပဇတ(နိုင်)၀၁၂၈၆၆]နှင့် ဒေါ်သဇင်ထွန်း [၁၂/တမန(နိုင်)၀၉၉၃၆၁]တို့သည် တရားဝင်အကြင်လင်မယားအဖြစ်(၉-၁၂-၂၀၁၆)နေ့မှစ၍ ပေါင်းသင်းခဲ့ရာမှ တစ်ဦးနှင့်တစ်ဦး သဘောထားတိုက်ဆိုင်မှုမရှိကြတော့သည့်အတွက် (၇-၁-၂၀၂၂) ရက်စွဲပါ "နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲခြင်းကတိစာချုပ်" ကို ရန်ကုန် အရှေ့ပိုင်းခရိုင်တရားရုံး၊ ရုံးမှတ်ပုံတင်အမှတ်(၅/၂၀၂၂) ဖြင့်တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်သည့်အပြင် လင်မယားနှစ်ဦးပိုင်ပစ္စည်းများကိုလည်း(၂-၇-၂၀၂၃) ရက်စွဲပါ "နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီး၍နှစ်ဦးသဘောတူပစ္စည်းခန်းခွဲဝေသည့်စာချုပ်"ချုပ်ဆိုခွဲဝေခဲ့ကြပြီးဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦးသက်ဆိုင်ပတ်သက်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမျိုးဝေထွန်း(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၄၇)
ရုံး - တိုက်အမှတ်(B-5)၊ အခန်းအမှတ်(၄၀၁)၊ ဗိုလ်ဗထူးအိမ်ရာ၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၆)ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-5046754, 09-785046754

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ လူနေရပ်ကွက်အမှတ်(၈-၁၃)၊ မြောင်းမြေလမ်းသွယ်(၁)လမ်း၊ အမှတ်(၉၉၆)ရှိ (အလျား ၄၀x အနံ(၆၀)ပေရှိ ဦးမောင်စွမ်း အမည်ပေါက်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်ဆန်း [၇/တဝန(နိုင်)၀၆၁၅၆၆]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆွန်နီး(၁)ဒေါ်နဒီဂုဏ်[၁၃/တကန(နိုင်)၂၅၈၀၁]တို့ စရန်ငွေပေးပြီးဖြစ်ပါသည်။ အရောင်းအဝယ်အပေါ်ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်း(မူရင်း)အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဆွေဝင်း(LL.B,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၉၂)
အမှတ်(၁၃၂၈)၊ ကုန်းဘောင်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-09-420099029

ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာချက်

